ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 14 August 2019 ၉၇၄၁

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂျော်ဂျီယာနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂျော်ဂျီယာသံအမတ်ကြီး မစ္စတာ နီးကိုလာ့စ် အပ်ခါဇာဘာ က ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂျော်ဂျီယာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နီးကိုလာ့စ် အပ်ခါဇာဘာသည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် မစ္စတာ မာစာဟီတိုမိုရီယာမ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ လွှတ်တော်၏ အောက်လွှတ်တော်အမတ် မစ္စတာ မာစာဟီတိုမိုရီယာမ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံ၏အကူအညီဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများဖော်ဆောင်ရေးကိစ္စ၊ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များ ဟန့်တားလျှော့ချသွားရေးကိစ္စ၊ အသက်မွေးဝမ်းကျောင်းပညာရေး အစီအစဉ်များနှင့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးကိစ္စ၊ မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ အသုံးပြုရန်အတွက် ခြေတုလက်တုများ တပ်ဆင်ပေးသွားနိုင်ရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသွားရေးကိစ္စနှင့် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ဆက်လက်ကူညီပံ့ပိုးပေးသွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

ကြေးမုံ
ယနေ့ ဖတ်စရာ

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၈

ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လူထုလှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနား ကျင်းပ

စာမျက်နှာ » ၃

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်းရှိ သဘာဝဘေးဒဏ်သင့်ဒေသများအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ် ငွေကျပ် ၂၂၅ သိန်း လှူဒါန်းမည်

စာမျက်နှာ » ၄

C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

## ကြေးမုံ

# ပညာဖြင့် နိုင်ငံအကျိုးစီးပွားမြှင့်တင်

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ဩဂုတ် ၁၂ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အသိပေးပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "မှန်ကန်တဲ့လမ်းဆိုတာ ကိုယ့်အတွက်လည်းဖြစ်ရမယ်၊ အများအတွက်လည်းဖြစ်ရမယ်၊ အခုအချိန်မှာ ကျွန်မတို့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နိုင်ငံအတွက်လည်းဖြစ်ရမယ်၊ အခုအချိန်မှာဆိုရင် ကျွန်မတို့နိုင်ငံက ပြောင်းလဲတဲ့ရာသီဥတုဒဏ်ကြောင့် နိုင်ငံသူ နိုင်ငံသားတွေလည်း ဒုက္ခရောက်တယ်၊ အစိုးရကလည်း ရှိတဲ့အစွမ်းအစတွေနဲ့ ပြည်သူ ပြည်သားတွေရဲ့လုံခြုံရေး၊ ပြန်လည်ထူထောင်ရေးတွေကို လုပ်နေတဲ့အတွက် အားလုံးကဝိုင်းပြီး ပါစေချင်ပါတယ်။ ကိုယ်မတတ်နိုင်တဲ့ ပြောင်းလဲခြင်းရဲ့အကျိုးဆက်တွေ ကိုယ်ဘယ်လိုပြောင်းလဲကိုင်တွယ်မလဲဆိုတာ အားလုံးကဝိုင်းပြီး စဉ်းစားပေးနိုင်တဲ့ ပညာတွေ၊ မိမိတို့နိုင်ငံနဲ့ လူ့အသိုင်းအဝိုင်းမှာ ပွားများစေချင်ပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများကို ပြည်သူ့အစိုးရတာဝန်ယူကတည်းက အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏အနာဂတ်အတွက် အဓိကကျသော အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေးကဏ္ဍကို ပြောင်းလဲဆောင်ရွက်နေသည်။ ပညာရေးကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် နိုင်ငံတော်တွင် တာဝန်ရှိသကဲ့သို့ ဆရာ ဆရာမများနှင့် မိဘများတွင်လည်း တာဝန်ရှိသည့်အပြင် ကျောင်းသား ကျောင်းသူ လူငယ်များကလည်း လိုက်ပါပြောင်းလဲဖို့လိုသည်။

ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတော်အစိုးရက ပြောင်းလဲဆောင်ရွက်လျက်ရှိရာတွင် အနာဂတ်နိုင်ငံကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်လူရွယ်များကလည်း နိုင်ငံတော်၏ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်အောင် လိုက်ပါပြောင်းလဲကြရမည်ဖြစ်သည်။ ယနေ့လူငယ်များအား နောင်တစ်ချိန်တွင် နိုင်ငံ့အကျိုးကို ထိရောက်စွာသယ်ပိုးနိုင်မည့် လူကြီးများဖြစ်အောင် လူငယ်ဘဝကတည်းက လေ့ကျင့်ပျိုးထောင်ကြရပေမည်။

လူငယ်ဆိုသည်မှာ စွန့်စားလိုစိတ်၊ အတုခိုးလိုစိတ်၊ အားကျလိုစိတ်၊ တီထွင်ကြံဆလိုစိတ် ရှိကြသူများဖြစ်သည်။ အတုယူအားကျလိုမှုနှင့် စွန့်စားတီထွင်ကြံဆလိုမှုရှိသောစိတ်ကို လမ်းမှန်အောင် တည့်မတ်ပေးဖို့လိုသည်။ မိမိ၏ဆင်ခြင်ဉာဏ်နှင့် သုံးသပ်မြော်တွေးကာ ကြိုးပမ်းအားထုတ်ကြဖို့ လိုအပ်ပေသည်။ ရရှိထားသော ပညာအခြေခံဖြင့် လူငယ်များအနေဖြင့် ချဲ့ထွင်ကြံဆကြိုးပမ်းအားထုတ်တတ်ရန်အတွက် ယနေ့ပညာစနစ်ကို ပြောင်းလဲဖော်ဆောင်နေခြင်းဖြစ်သည်။

သင်ကြားပေးလိုက်သောပညာကို အတန်းအောင်မြင်ရေး၊ ဘွဲ့တစ်ခုရရေး၊ အလုပ်အကိုင်တစ်ခုရရေးသက်သက်အတွက် သင်ယူခဲ့သောပညာဟု မခံယူသင့်ချေ။ အရာရာတွင် စဉ်းစားတွေးခေါ်တတ်သည့် ပညာအမြော်အမြင်ရရှိလာစေရန် သင်ယူခဲ့ခြင်းဖြစ်စေရန်အတွက် အားလုံးဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူမည့် လူငယ်လူရွယ်များအား ထိုအမြော်အမြင်များရှိလာအောင် ဖန်တီးပေးရမည်ဖြစ်သည်။

ချမ်းသာသောနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံသည် မှန်ကန်ကောင်းမွန်သောပညာရေးစနစ်ကို ခိုင်ခိုင်မာမာချမှတ်ပြီး လူငယ်လူရွယ်များကို ပြုစုပျိုးထောင်နိုင်ခဲ့သောကြောင့် လက်ရှိတွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး အကျိုးရလဒ်ကောင်းများကို ခံစားနေရသည်။ တစ်နည်းဆိုလျှင် ပညာရေးဘက်တွင် ကောင်းစွာရင်းနှီးမြှုပ်နှံနိုင်သောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။ ယင်းအချက်ကို နိုင်ငံသူ နိုင်ငံသားအားလုံး ဝိုင်းဝန်းကြံဆဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာအမြော်အမြင်ရှိခြင်းသည် လူမှုဘဝ၊ လူ့ဘောင်လောကကို ကောင်းမွန်စွာဖြစ်ထွန်းနိုင်သဖြင့် လူတိုင်း လူတိုင်း၊ နိုင်ငံသူနိုင်ငံသားတိုင်း မိမိကိုယ်ကိုမိမိ တန်ဖိုးရှိသည့်၊ လူ့ဘောင်လောကကို အကျိုးပြုသည့် လူသားများဖြစ်သည်ဟူသော ယုံကြည်မှုများထားရှိကာ မိမိနိုင်ငံနှင့် မိမိလူမျိုးတိုးတက်ကြီးပွားအောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြဖို့ လိုအပ်မည်ဖြစ်ပါကြောင်း။ ။

# (၁၃)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အမျိုးသမီးညီလာခံ တက်ရောက်ရန် အမျိုးသမီးကင်းထောက်ချုပ်နှင့်အဖွဲ့ တရုတ်နိုင်ငံသို့ ထွက်ခွာ



(၁၃)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အမျိုးသမီးညီလာခံ တက်ရောက်မည့် မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသူများနှင့် အတူတွေ့ရစဉ်။ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့

**ရန်ကုန် ဩဂုတ် ၁၃**

(၁၃) ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အမျိုးသမီးညီလာခံ (13th Asia Pacific Regional Conference at Taiwan) သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်၊ နိုင်ငံတကာအမျိုးသမီး ကင်းထောက်မှူးချုပ် ဒေါ်ဟယ်လင်မျိုးတင်နှင့် သင်တန်းမှူး ဒေါ်လင်းလင်းထိုက်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယူးတိုင်ပေစီးတီးသို့ ဩဂုတ် ၁၂ ရက် ညပိုင်းက ထွက်ခွာကြရာ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် အမျိုးသမီးကင်းထောက်ကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**စီမံဆောင်ရွက်မည့် အစီအစဉ်များ**

(၁၃)ကြိမ်မြောက် အာရှပစိဖိတ်ဒေသဆိုင်ရာကင်းထောက် အမျိုးသမီးညီလာခံကို ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည် ဖြစ်ရာ အာရှပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံ ၂၆ နိုင်ငံနှင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံခုနစ်နိုင်ငံမှ ကင်းထောက်အမျိုးသမီး ကိုယ်စားလှယ်များနှင့် မြန်မာကင်းထောက် အမျိုးသမီးကိုယ်စားလှယ်များက နိုင်ငံအလိုက် ကင်းထောက်အမျိုးသမီးများ လှုပ်ရှားဆောင်ရွက်မှု၊ ကမ္ဘာ့ကင်းထောက်လှုပ်ရှားမှုအဖွဲ့ကြီး (WOSM)မှ ကိုယ်စားလှယ်များနှင့် အမျိုးသားအမျိုးသမီး ကင်းထောက်အဖွဲ့များ ဆက်သွယ်ဆောင်ရွက်မှု၊ အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာ ကာကွယ်တားဆီးရေးနှင့် ပတ်သက်ပြီး ပညာပေးလုပ်ငန်းများကိုကင်းထောက်အမျိုးသမီးများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ နိုင်ငံအချင်းချင်း ပူးပေါင်းညှိနှိုင်းဖြေရှင်းရေး၊ ရှေ့လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်တိုးတက်စေရန် စီမံဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

**သုံးနှစ်တစ်ကြိမ် ကျင်းပ**

အဆိုပါ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အမျိုးသမီးညီလာခံကိုသုံးနှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

တစ်ဦးတစ်ပင် စိုက်စေချင်
အစဉ်လှပ ပြည်ကြွယ်ဝ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၂,၀၀၀ | ၈,၃၅၁ | ၉၈,၇၄၉,၅၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၆,၅၇၅ | ၂၃,၀၆၈,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၇၉၄ | ၆,၆၄၉,၆၀၀ |
| FPB | ၂၅,၅၀၀ | ၂၆,၀၀၀ | ၄၈၀ | ၁၂,၃၄၅,၀၀၀ |
| TMH | ၂,၉၀၀ | ၃,၀၅၀ | ၂,၀၁၆ | ၆,၁၄၂,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၁၃**

ရန်ကုန်(ရွှေဈေး) ၁၂၃၇၀၀၀ မန္တလေး(ရွှေဈေး) ၁၂၃၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၄၀/၉၀၀ ကျပ် | ၉၀၅/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၇၅ ကျပ် | ၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၈၀၀ ကျပ် | ၈၂၅/၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၅၀/၉၁၀ ကျပ် | ၉၂၀/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀/၈၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၃၅/၈၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၂၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၀.၈ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၀.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၃.၇၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၀၁၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၀.၀၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၀၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၃၅.၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃.၅၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၁.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၈.၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း



# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဂျာမနီသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ သောမက်စ်ကာလ်နိုင်ဇင်ကာသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဂျာမနီနိုင်ငံသံအမတ်ကြီး မစ္စတာသောမက်စ်ကာလ်နိုင်ဇင်ကာ က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**

# ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လူထုလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လူထုလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နေပြည်တော်၌ ကျင်းပသည်။

**တစ်နှစ်ပတ်လုံးဆောင်ရွက်ရမည်ဖြစ်**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံ၏အနာဂတ်များဖြစ်သော ကလေးငယ်များနှင့် ကလေးမိခင်များ၏ ကျန်းမာရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ယနေ့ကျင်းပသည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လူထုလှုပ်ရှားမှုသည် ယခုဩဂုတ်လတစ်လတည်းအတွက်သာ လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ တစ်နှစ်ပတ်လုံးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လူထုလှုပ်ရှားမှု၏ "အာဟာရတွင် မြှုပ်နှံကာ လက်တွဲတူညီဆောင်ရွက်ပါ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ" ဆောင်ပုဒ်နှင့်အညီ အားလုံးလက်တွဲဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

**ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အတွက် အလွန်အရေးကြီး**

ဘက်စုံအာဟာရပြည့်ဝမှုသည်လူတစ်ဦးချင်းစီ၏ ကိုယ်ခန္ဓာ၊ ဦးနှောက်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အတွက် အလွန်အရေးကြီးပါကြောင်း၊ (၂၀၁၅) ခုနှစ်တွင် ကောက်ယူခဲ့သည့် မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆) (Myanmar Demographic and Health Survey) တွေ့ရှိချက်များအရ မွေးစမှ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးမှုနှုန်းမှာ ၅၁ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိနေပါကြောင်း။

အာဟာရချို့တဲ့ရခြင်း၏ အကြောင်းရင်းခံများအနက် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း၊ ငွေကြေးတတ်နိုင်သော်လည်း အစာအုပ်စုစုံလင်မျှတစွာမစားသုံးခြင်း၊ မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို မသိရှိခြင်း၊ မိခင်နို့စနစ်တကျတိုက်ကျွေးမှုမရှိခြင်း၊ အစားအသောက်များ၏ အာဟာရဓာတ်ပါဝင်မှုကို မသိရှိခြင်း၊ သားဆက်ခြားနည်းလမ်းများ သုံးစွဲမှုအားနည်းခြင်း၊ ကျန်းမာရေးစာတတ်မြောက်မှုအားနည်းခြင်း စသည့်အချက်များပါဝင်ပါကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအနေဖြင့် ပြည်သူများဒေသထွက် စားသောက်ကုန်များဖြင့် အာဟာရပြည့်ဝစွာ စားသုံးရန်၊ မိခင်နို့စနစ်တကျတိုက်ကျွေးရန်၊ ကလေးငယ်များအတွက် ရောဂါကာကွယ်ဆေးများအား အကြိမ်ရေပြည့်ထိုးနှံမှု ခံယူစေရန်တို့နှင့်ပတ်သက်၍ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုဆေးခန်းများတွင် ကျန်းမာရေးအသိပညာပေးခြင်းကို ကူညီလုပ်ဆောင်သွားစေလိုပါကြောင်း၊ အထူးသဖြင့် သွားလာရခက်ခဲသောဒေသများနှင့် ကျေးလက်တောရွာများတွင် ကျန်းမာရေးစကားဝိုင်းငယ်များပြုလုပ်ခြင်းတို့ကို အလေးထားဆောင်ရွက်သွားစေလိုပါကြောင်း။





**ကျောင်းသားလူငယ်ထုကြီး အာဟာရပြည့်ဝဖွံ့ဖြိုး**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၉ ဒသမ ၇ သန်းခန့်ရှိသော ကျောင်းသားလူငယ်ထုကြီး အာဟာရပြည့်ဝဖွံ့ဖြိုးကာ ပိုမိုကျန်းမာလာစေရေး အပါအဝင် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့ပြီး လုပ်ငန်းစဉ် (၇) ရပ်ကို ချမှတ်လုပ်ဆောင်လျက်ရှိရာ အသင်းကြီးအနေဖြင့် အဆိုပါလုပ်ငန်းစဉ်များတွင်လည်း ဝန်ကြီးဌာနနှင့် အတူတကွလက်တွဲ၍ ပါဝင်ဆောင်ရွက်စေလိုပါကြောင်း။

အသင်း၏လုပ်ငန်းများဆောင်ရွက်ရာတွင်တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကျန်းမာရေးဌာနအကြီးအကဲများ၊ တိုက်နယ်နှင့်မြို့နယ်ဆရာဝန်များ၊ အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်စေလိုပါကြောင်း။

အသင်းကြီးများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုနှင့် အောင်မြင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်မှုများပြုလုပ်၍ မှတ်တမ်းများချမှတ်ရေးဆွဲခြင်းနှင့် ဦးစားပေးလုပ်ငန်းစဉ်များသတ်မှတ်ခြင်းတို့ဖြင့် ပြည်သူများအတွက် သိသာမြင်သာသည့် အကျိုးရလဒ်ကောင်းများရရှိစေမည့် လုပ်ငန်းများကို ဆောင်ရွက်သွားစေလိုပါကြောင်း၊ အသင်း၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် အသင်းဝင်များဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်များကိုစုစည်း၍ စာအုပ်တစ်ခုပြုလုပ်ကာတိုင်းဒေသကြီး/ ပြည်နယ်အဆင့် အသင်းခွဲများအပါအဝင် အသင်းဝင်များအားလုံး သိရှိဆောင်ရွက်နိုင်ရန် ဖြန့်ဝေသွားစေလိုပါကြောင်း၊ ထိုသို့ ပြုစုရာတွင်လည်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပညာရှင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပံ့ပိုးမှုများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသင်းကြီး၏ လုပ်ဆောင်ချက်များထူးချွန်ပြောင်မြောက် ပီပြင်လာသည်နှင့်အမျှ မြန်မာနိုင်ငံရှိမိခင်နှင့်ကလေးများ၏ ကျန်းမာရေးအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆား၊ ကိုယ်ဝန်ဆောင်အားဆေးနှင့် အနှီးပိတ်များပေးအပ်ခဲ့ပြီး အခမ်းအနားအထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်းရှိ သဘာဝဘေးဒဏ်သင့်ဒေသများအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ် ငွေကျပ် ၂၂၅ သိန်း လှူဒါန်းမည်

နေပြည်တော် ဩဂုတ် ၁၃

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်းရှိ သဘာဝဘေးဒဏ်သင့် တိုင်းရင်းသားဒေသခံ ညီအစ်ကိုမောင်နှမများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ဖြစ်သည့် ငွေကျပ် ၂၂၅ သိန်းကို လှူဒါန်းသွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယကက ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက **"၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးဒဏ်မိုးသည်းထန်ခြင်း၊ မြစ်ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် တိုင်းရင်းသားဒေသခံ ညီအစ်ကိုမောင်နှမများ၏ အသက်အိုးအိမ်၊ စည်းစိမ်ပျက်စီးဆုံးရှုံးရခြင်းအတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးက စာနာထောက်ထားကြေကွဲဝမ်းနည်းပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ကို သဘာဝဘေးဒဏ်သင့် ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအတွက် ကူညီထောက်ပံ့လှူဒါန်းပေးနိုင်ပါရန်"**အဆိုတင်သွင်းသည်။

အဆိုတင်သွင်းရာတွင် ဒေါက်တာလှမိုးက ယခုအချိန်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးကို နိုင်ငံအသီးသီးခံစားနေရပါကြောင်း၊ မိမိတို့နိုင်ငံလည်း အပါအဝင်ဖြစ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခဲ့ခြင်းနှင့် သဘာဝအရင်းအမြစ်များကို မိမိတို့ အကျိုးစီးပွားတစ်ခုတည်းအတွက် စည်းမဲ့ကမ်းမဲ့ ထုတ်ယူသုံးစွဲခဲ့ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့်အတူ နောက်ဆက်တွဲဆိုးကျိုးများကို ပိုမိုခံစားလာရပါကြောင်း။



အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး



အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခေါ်) ဦးအောင်ဇော်မြင့်



လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် သဘာဝဘေးဒဏ်ဖြစ်သည့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေရုတ်တရက်ကြီးခြင်း၊ တောင်ကျရေများဒလဟောစီးကျခြင်းနှင့် တောင်ပြိုခြင်းများဖြစ်ပွားခဲ့ပါကြောင်း၊ အထူးသဖြင့် မွန်ပြည်နယ်တွင် မြို့နယ်ပေါင်း ၈ မြို့နယ်၊ ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာပေါင်း ၁၄ ရွာတွင်နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ ဒေသခံပြည်သူ အိမ်ထောင်စုပေါင်း ၅၉၉၇ စု လူဦးရေ စုစုပေါင်း ၂၅၂၁၁ ဦးတို့သည် သဘာဝဘေးဒဏ်သင့်ခဲ့ရပါကြောင်း၊ အသက်အိုးအိမ်စည်းစိမ်များ သေကျေပျက်စီးမှုများနှင့်အတူ ဆုံးရှုံးမှုပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခဲ့ကြရပါကြောင်း။

မိမိတို့၏ နိုင်ငံသူနိုင်ငံသားများဖြစ်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ နေထိုင်ရာဒေသတွင် ယခုလိုသဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးရသူများနှင့်ထပ်တူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသူတိုင်းကလည်း စာနာထောက်ထားမှုများနှင့်အတူ ထပ်တူကြေကွဲဝမ်းနည်းကြရပါကြောင်း။

သဘာဝဘေးဒဏ်သင့်ဒေသတွင်ရှိသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် နိုင်ငံတော်အစိုးရမှလည်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပါအဝင် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတနှင့် လူမှုရေးအသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးမှုများ ဆောင်ရွက်ခဲ့ကြသည်ဟု သိရှိရပါကြောင်း။

သဘာဝဘေးဒဏ်ကြောင့် အသက်အိုးအိမ်းစည်းစိမ်ဆုံးရှုံးရမှုကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်တင်နိုင်ရေးသည် အလွန်အရေးကြီးသကဲ့သို့ ပြန်လည်ထူထောင်ရေးသည်လည်း အလွန်အရေးကြီးလှပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသားတိုင်းကလည်း သဘာဝဘေးဒဏ်သင့်သူများအတွက် စာနာထောက်ထားမှုဖြင့် ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းထောက်ပံ့နေကြသည်ကို တွေ့မြင်ကြားသိနေရသည့်အတွက် အလွန်ပင်အားရကျေနပ်မိပါကြောင်း ပြောကြားသည်။

ထို့နောက် အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခေါ်) ဦးအောင်ဇော်မြင့်က ထောက်ခံဆွေးနွေးရာ ပြည်ထောင်စုလွှတ်တော်နာယကက **"၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးဒဏ်မိုးသည်းထန်ခြင်း၊ မြစ်ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် တိုင်းရင်းသားဒေသခံညီအစ်ကိုမောင်နှမများ၏ အသက်အိုးအိမ် စည်းစိမ်ပျက်စီးဆုံးရှုံးရခြင်းအတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးက စာနာထောက်ထားကြေကွဲဝမ်းနည်းပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ကို သဘာဝဘေးဒဏ်သင့် ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ကူညီထောက်ပံ့လှူဒါန်းပေးနိုင်ပါရန်"** အဆိုကို အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ယင်းအဆိုကို အတည်ပြုကြောင်းကြေညာပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် အစည်းအဝေးခန်းမအတွင်းရှိသူ အားလုံးသည် တစ်မိနစ်မတ်တတ်ရပ် ငြိမ်သက်၍ မေတ္တာပို့သကြသည်။

**၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်သင့် တိုင်းရင်းသားဒေသခံ ညီအစ်ကိုမောင်နှမများအတွက်** ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လှူဒါန်းငွေကျပ် ၈၆၄၀၀၀၀၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ငွေကျပ် ၆၃၆၀၀၀၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ငွေကျပ် ၄၄၈၀၀၀၀၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ငွေကျပ် ၃၀၂၀၀၀၀ စုစုပေါင်းငွေကျပ် ၂၂၅ သိန်းတိတိကို လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်မှ ၂၀၁၉ ခုနှစ်၊ ဧပြီ ၉ ရက်အထိ) လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီက အခြေခံပညာသင်ယူရန် အခွင့်အလမ်း လွန်စွာနည်းပါးသည့် ဝေးလံခေါင်ဖျားဒေသများတွင် အခွင့်အလမ်းသာတူညီမျှရရှိစေရန် ဆောင်ရွက်ရမည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်ကိုတွေ့ရပါကြောင်း၊ နယ်မြေဒေသအခြေအနေ အေးချမ်းတည်ငြိမ်မှုများရရှိပြီးနောက် ဒေသခံမိဘပြည်သူများက မိမိတို့ရင်သွေးကလေးသူငယ်များကို ပညာသင်ကြားပေးရန် စိတ်အားထက်သန်စွာဆောင်ရွက်လာခြင်းဖြစ်ပါ၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ပါရန် ဆွေးနွေးလိုကြောင်း၊ သို့ဖြစ်ပါ၍ မူဝါဒဆိုင်ရာ၊ အကြံပြုချက်များကို ဖော်ထုတ်ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားအကြံပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း။

အခြေခံပညာမူလတန်း သင်ကြားရာတွင်အတန်းပိုင်စနစ် ကျင့်သုံးသင်ကြားနေရခြင်းကြောင့် ကျောင်းသားဦးရေများသည့် ကျောင်းများတွင်အတန်းထိန်းခြင်း၊ အကဲဖြတ်မှုများပြုလုပ်ခြင်း၊ ဆရာတစ်ယောက်တည်း ဘာသာစုံသင်နေရခြင်း၊ ဘာသာရပ်အားလုံးကျွမ်းကျင်စွာ သင်ပြနိုင်မှုမရှိခြင်းစသည့် အားနည်းချက်များရှိပါသဖြင့် ကျောင်းသားဦးရေပေါ်မူတည်လျက် ဘာသာပြစနစ် သို့မဟုတ် ဘာသာတွဲခွဲဝေသင်ကြားသည့်စနစ်ကို ကျင့်သုံးနိုင်ရန်အတွက် လိုအပ်သည့်လစ်လပ်နေသော မူလတန်းပြ ဆရာ ဆရာမများ အသစ်ထပ်မံခန့်ထားတာဝန်ပေးနိုင်ပါရန် အကြံပြုဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို အကောင်အထည်ဖော်ခဲ့သည်မှာ ယခုဆိုလျှင် စာသင်နှစ် ၄ နှစ်ရှိပြီဖြစ်ပါကြောင်း၊ ကျောင်းသားမိဘများက ၎င်းတို့၏ သားသမီး၏ပညာရေးကို အာရုံစိုက်မှုများ ပိုမိုမြင့်မားလာသည်ကိုတွေ့ရပါကြောင်း၊ ထို့ကြောင့် မဟာဗျူဟာစီမံကိန်း၏ အစီအစဉ်များကို ကျောင်းသားမိဘများက နားလည်သဘောပေါက်မှုရှိမှ မိဘနှင့်ဆရာပူးပေါင်းဆောင်ရွက်ရန် အဆင်ပြေမည်ဖြစ်ပါကြောင်း။

ပညာရေးမဟာဗျူဟာစီမံကိန်း၏ ချဉ်းကပ်နည်း၊ တင်ပြနည်း၊ ဆန်းစစ်နည်းများသည် သမားရိုးကျအမြင်ရှိနေသည့် ကျောင်းသားမိဘအချို့က နားမလည်သဖြင့် သင်ပြသူဆရာ ဆရာမများ ထံလာရောက်ပြီး နားမလည်သည်နှင့်အမျှ လွဲမှားစွာပြစ်တင်ပြောဆိုမှုနှင့် တောင်းဆိုမှုများ လုပ်ဆောင်လာမှုသည် လက်တွေ့ကြုံတွေ့နေရသည့် အခက်အခဲများဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသားမိဘများ နားလည်လွယ်မည့် အသုံးအနှုန်းများဖြင့် မဟာဗျူဟာစီမံကိန်း၏ သိသင့်သိထိုက်သော အရေးကြီးသည့် အချက်များပါဝင်သည့် ပန်ကြားလွှာတစ်စောင်ကို ကျောင်းသားမိဘများထံသို့ ထုတ်ပေးမည်ဆိုပါက ကျောင်းသားမိဘများ နားလည်သဘောပေါက်စွာ ပါဝင်လာမည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်က ကချင်ပြည်နယ်အတွင်းရှိ အချို့တောင်ပေါ်ဒေသများတွင် ကျောင်းတစ်ကျောင်း၌ ကျောင်းသားဦးရေ ၄ ဦး၊ ၅ ဦးခန့်သာရှိသောကျောင်းများကို လေ့လာတွေ့ရှိရပါကြောင်း၊ ထိုကျောင်းများသည် တစ်ကျောင်းနှင့်တစ်ကျောင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် စုစည်း၍လည်းမရပါကြောင်း၊ ထို့ကြောင့်မူအရ ကျောင်းသားဆရာ အချိုးခွဲဝေရာတွင် ထို့ကဲ့သို့ကျောင်းများကို ခြွင်းချက်အနေဖြင့် မူတစ်ခုချမှတ်သင့်ပါကြောင်း၊ ကျောင်းအဆင့်တိုးမြှင့်ရာတွင်လည်း ကျောင်းသားဦးရေကန့်သတ်ချက်များကို ကြည့်ရမည်ဖြစ်သော်လည်း ဝေးလံခက်ခဲသောတောင်ပေါ်ဒေသကို ခြွင်းချက်အနေဖြင့် ကြည့်ပေးသင့်ပါကြောင်း။

ထို့ကြောင့် ပညာရေးမူဝါဒချမှတ်ရာတွင် ဒေသမရွေးတစ်နိုင်ငံလုံး လွှမ်းခြုံနိုင်သော မူဝါဒများချမှတ်သင့်ပါကြောင်း၊ ပညာရေးကောလိပ်၊ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်များ ဝင်ခွင့်စာမေးပွဲတွင် ဝေးလံခေါင်ဖျားဒေသမှ ကလေးများသည် စာမေးပွဲရမှတ် သတ်မှတ်ချက်မမီသော်လည်း လျှော့ပေါ့ပေးသင့်ပါကြောင်း ဆွေးနွေးသည်။



မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်



တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦးက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါ အခြေခံပညာရေး အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်း အကျုံးဝင်မှုဆိုင်ရာ မဟာဗျူဟာမြောက်အပြောင်းအလဲကို ဖော်ဆောင်ရာတွင် လိုအပ်ချက်များ၊ စိန်ခေါ်မှုများ ရှိ၊ မရှိကို ဖော်ထုတ်ပြီး ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသော အဆင့်မြင့်ပညာ ကိုယ်ပိုင်ကျောင်းများကိစ္စနှင့်စပ်လျဉ်း၍ အဆိုပါကျောင်းများမှ ပေါ်ထွက်လာသော လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီက အဆိုပါကျောင်းများ၏ အရည်အသွေးကို စိစစ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကပညာရေးဥပဒေအမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ Polytechnics in Singapore ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်ထားကြောင်း တင်ပြချက်ကိုလည်း အစီရင်ခံစာတွင်တွေ့ရှိရပါကြောင်း။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ယင်းကဏ္ဍအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အပြီးတွင် ကာလရှည်သင်တန်းများသို့ သင်တန်းသား ၂၂၈၆၁၅ ဦး တက်ရောက်လာစေခြင်း၊ ဘာသာရပ်ပေါင်းစုံပါဝင်ပြီး တစုတစည်းတည်း သင်ကြားနိုင်သော Polytechnic ကျောင်း (၁၁) ကျောင်းဖွင့်လှစ်နိုင်ခြင်းဆိုသည့် ရလဒ်လျာထားချက်များပါဝင်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာလည်းကုန်တော့မည်ဖြစ်၍ ကော်မရှင်အနေဖြင့် ရလဒ်လျာထားချက်များအတိုင်း ဝန်ကြီးဌာနက ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ သုံးသပ်အကဲဖြတ်ဖော်ပြပေးသင့်ကြောင်း အကြံပြုဆွေးနွေးသည်။

စာမျက်နှာ ၅ သို့ »»

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော်　ဩဂုတ်　၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် အမေရိကန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်တည်ဆောက်ရေး၊ ဒီမိုကရေစီစနစ်ပိုမိုခိုင်မာအားကောင်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ လွှတ်တော်၏ ဘတ်ဂျက်စိစစ်ရေး၊ လွှတ်တော်၌ ဆောင်ရွက်လျက်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ဥပဒေပြုရေး ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်　ဩဂုတ်　၁၃**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉) ကို ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်ထောင်စု လွှတ်တော်ဆောင်၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ကျင်းပရေးဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ကျင်းပရေးဦးစီး ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကက လုပ်ငန်းကော်မတီများအား ကျင်းပရေးဦးစီးကော်မတီမှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီး၏ ဆောင်ရွက်ပြီးစီးမှုများ တင်ပြဆွေးနွေးကြရန်နှင့် လုပ်ငန်းအခက်အခဲများရှိပါက ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက လုပ်ငန်းကော်မတီများ၏ လုပ်ဆောင်ပြီးစီးသည့်အခြေအနေနှင့် အစီအစဉ်များကို ယနေ့အစည်းအဝေးတွင် တင်ပြစေလိုပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များအတွက် လုပ်ငန်းကော်မတီများပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီများအလိုက် ဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ရန် စီစဉ်ထားရှိမှုများ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကက နိဂုံးချုပ်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

»»» စာမျက်နှာ ၄ မှ

ထို့အပြင် မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) မှ ဦးလှဆန်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးအေးဖိုလ်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၊ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ)တို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း အစီအစဉ်တို့ကို ဩဂုတ် ၁၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားပါကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း- မော်စီ၊ မွေးကြျူဇင်**
**ဓာတ်ပုံ-ထိုက်ထိုက်**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော်　ဩဂုတ်　၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်း၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်း၊ ပူးပေါင်း ကော်မတီဝင်များနှင့် ပြည်ထောင်စု လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၃**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၁၈-၂၀၁၉ ခုနှစ် တတိယအကြိမ် လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

**သစ်တောမြေအဖြစ်မှပယ်ဖျက်**

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလ အတိုင်းအတာတစ်ခုအထိ ရွာမြေ၊ လယ်မြေ၊ သာသနာ/အများပိုင်မြေများအား ကောက်ယူရရှိသည့် စာရင်းဇယားများကို စိစစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စုစုပေါင်း ၅၁၄၈၁၇ ဒသမ ၉၇၉ ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးပြီးဖြစ်ပါကြောင်း၊ ဖမ်းဆီးရမိသစ်များကို အချိန်မီထုခွဲရောင်းချနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ သစ်တောမြေများကို အခြားမြေသုံးစွဲခွင့်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က နိုင်ငံတော်သမ္မတရုံးသို့ တင်ပြလျှောက်ထားကြရမည်ဖြစ်ကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျွန်းသစ်လုံး တန် ၁၅၀၀၀ ထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားစေလိုပါကြောင်း၊ မြန်မာတစ်နိုင်ငံလုံး သစ်တောမီးအပါအဝင် မီးလောင်မှုကြောင့် ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် သတ္တုတွင်းဥပဒေပြုရေးတွင် ချင်းပြည်နယ် သတ္တုတွင်းဥပဒေ(မူကြမ်း) အတည်ပြုပြီးဖြစ်၍ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များလည်း ဥပဒေထုတ်ပြန်ရေး ဆောင်ရွက်ပေးကြရန်ဖြစ်ပါကြောင်း၊ အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များ ခွင့်ပြုမိန့်ထုတ်ပေးခြင်းကို သတ်မှတ်ဧရိယာအတွင်းဖြစ်ပါက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးရန် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကျောက်မျက်ရတနာရောင်းချပွဲများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး စနစ်တကျ ဆောင်ရွက်ခွင့်ပြုပေးထားပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

ယခုအစည်းအဝေးတွင် မိမိတို့ JMC အဖွဲ့ဝင်များအနေဖြင့် ဆိုင်းငံ့ကာလအတွင်း ဆောင်ရွက်ရန်ရှိသည်များနှင့် ဆောင်ရွက်လိုသည့်၊ ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကို တတ်နိုင်သမျှ ထိထိရောက်ရောက်နှင့် လွတ်လွတ်လပ်လပ် တင်ပြဆွေးနွေးကြပြီး အခက်အခဲများ၊ စိန်ခေါ်မှုများကို ဝိုင်းဝန်းစဉ်းစား ဆွေးနွေးကြစေလိုကြောင်း၊ ယခုကာလအတွင်း ခေတ္တရပ်ဆိုင်းနေသည့် JMC လုပ်ငန်းဆိုင်ရာကိစ္စများတွင် ဒေသခံ အရပ်သားစောင့်ကြည့်သူများနှင့်ပတ်သက်ပြီး ရှေ့ဆက်လက်လုပ်ဆောင်ရန် ကိစ္စရပ်များ၊ လစဉ် အစည်းအဝေးများ၊ စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် လူထုတွေ့ဆုံပွဲကိစ္စရပ်များကိုလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း။

**အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်**

ယနေ့ အစည်းအဝေးမှရရှိလာသည့် အရပ်သားကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ တင်ပြချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ JMC လုပ်ငန်းများ အရှိန်အဟုန်နှင့် အောင်မြင်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ အရပ်သားကိုယ်စားလှယ်များသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စောင့်ကြည့်ရေးလုပ်ငန်းစဉ်တွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်ကို နားလည်သိရှိပြီး မြန်မာ့ငြိမ်းချမ်းရေးနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် မိမိတို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်သွားကြရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဖြစ်ပေါ်လာစေရေးတွင် နှစ်ဖက်အဖွဲ့အစည်းများအကြား ဘက်လိုက်မှုကင်းသော သမာဓိလူကြီးများအဖြစ်နှင့် ဆောင်ရွက်နိုင်သော အရပ်သားကိုယ်စားလှယ်များအဖြစ် ဆက်လက်ကြိုးပမ်းကြရန် ဆန္ဒပြုကြောင်း ပြောကြားသည်။

ထို့နောက် သဘာပတိအဖွဲ့ဝင် သူရဦးဘိုနီက JMC အရပ်သားကိုယ်စားလှယ်များ၏ လုပ်ဆောင်ချက်များသည် JMC ၏ လုပ်ငန်းကို ပိုမိုတိုးတက်အောင်၊ JMC လုပ်ငန်းများပိုမိုအောင်မြင်အောင် ဆောင်ရွက် နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ငြိမ်းချမ်းရေးအောင်မြင်စေရန်နှင့် ပိုမိုကောင်းမွန်လာစေရန် လုပ်ဆောင်နိုင်ရန်အတွက် ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရပ်သားကိုယ်စားလှယ်များသည် မိမိတို့ နယ်မြေအလိုက်တွေ့ကြုံနေရသည့် အခက်အခဲများအပေါ် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဖြင့် ပါဝင်ဆွေးနွေးကြမည်ဟုယုံကြည်ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းစဉ်းစားဆောင်ရွက်**

ယင်းနောက် သဘာပတိအဖွဲ့ဝင် ဦးမောင်မောင်ငြိမ်းက JMC စတင်ဖွဲ့စည်းခဲ့သည်မှာ ယခုဆိုလျှင်လေးနှစ်ခန့်ပင်ရှိပြီဖြစ်ကြောင်း၊ ထိုကာလအတွင်း မိမိတို့အနေဖြင့် ဖြတ်သန်းလာခဲ့သည်မှာ အောင်မြင်မှုများစွာရှိသလို အခက်အခဲအချို့ရင်ဆိုင်တွေ့ကြုံခဲ့မှုများလည်းရှိကြောင်း၊ ယခုအစည်းအဝေးများ၏ အနှစ်သာရများသည် ယင်းအခက်အခဲများကို မည်ကဲ့သို့ကျော်လွှားနိုင်မည်၊ ပြဿနာများကို မည်ကဲ့သို့ ဖြေရှင်းနိုင်မည်ကို ဝိုင်းဝန်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာလုပ်ငန်းစဉ်တွင် မိမိတို့သည် အရေးပါသည့် အခန်းကဏ္ဍတွင် ရောက်ရှိနေကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် JMC အဖွဲ့အစည်းအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို တင်ပြဆွေးနွေးခြင်းနှင့် ယင်းအစီရင်ခံစာများတွင် ပါရှိသည့် အားသာချက်၊ အားနည်းချက်၊ အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အလွတ်သဘောသွားရောက်ညှိနှိုင်း**

JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးက "ဒီကာလမှာ ထူးခြားတာက ဆိုင်းငံ့ထားတဲ့ကာလဖြစ်တဲ့အတွက်ကြောင့် JMC တစ်ခုလုံးရဲ့ စုံညီအစည်းအဝေးကို မလုပ်နိုင်သေးဘူး။ ဒါကြောင့် အရပ်သားတွေရဲ့ အခန်းကဏ္ဍက ပိုပြီးတော့ အရေးကြီးလာတယ်။ အရပ်သားတွေက နှစ်ဖက်အဖွဲ့အစည်းတွေရဲ့ လွတ်လပ်တဲ့ အရပ်သားကိုယ်စားလှယ်တွေဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အရပ်သားကိုယ်စားလှယ်တွေဆိုရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အလွတ်သဘော သွားရောက်ညှိနှိုင်းတာတွေလည်းရှိတယ်။ တွေ့ဆုံတာတွေလည်းရှိတယ်။ ဒါက JMC ပုံမှန်လည်ပတ်ဖို့အတွက် အရပ်သားကိုယ်စားလှယ်တွေက ကြားဝင်ပြီး ဆောင်ရွက်နေရတာတွေရှိပါတယ်"ဟု မီဒီယာများအား ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို လေးလလျှင် တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီး ယနေ့အစည်းအဝေးသို့ JMC အဆင့်ဆင့်မှ အရပ်သားကိုယ်စားလှယ်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

**သတင်း- ဇော်ကြီး**
**ဓာတ်ပုံ- ဖေဇော်**

# မောင်တောခရိုင်အတွင်းရှိ မေယုတောင်ကျော်လမ်း သုံးလမ်း၊ ပန်းတောပြင်တံတား တည်ဆောက်ရေးလုပ်ငန်းနှင့် မောင်တော -အငူမော်လမ်းအား ဒုတိယဝန်ကြီး ဦးကျော်လင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၃**
ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် ဩဂုတ် ၁၁ ရက်က လမ်းအထူးအဖွဲ့(၁၇)က ဖောက်လုပ်နေသည့် မေယုတောင်ကျော်လမ်းဖြစ်သော ကြိမ်ချောင်း-ဂုပ္ပိလမ်း မိုင်တိုင်(၀/၆)အနီး တံတားအမှတ်(၁)ပေ ၆၀ တံတားအားကြည့်ရှုစစ်ဆေးခဲ့ပြီး တံတား၏ဘေလီကြမ်းခင်းများအား ယခု မိုးရာသီအတွင်း ကားများဖြတ်သန်းနိုင်သည်အထိ အပြီးဆောင်ရွက်ပေးရန် မှာကြားသည်။

အဆိုပါလမ်းသည် အသစ် ဖောက်လုပ်ခြင်းဖြစ်ပြီး ၁၀ မိုင် ၅ ဖာလုံရှည်လျားသည်။ လက်ရှိအချိန်တွင် ဒုအခြေခံလွှာ အမာခံလမ်းခင်းခြင်း ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီး တံတားစီမံကိန်းအထူးအဖွဲ့(၃)မှ တည်ဆောက်သော ပေ ၆၀ အထက်တံတား ခုနစ်စင်းမှာ ပျမ်းမျှ ၇၀ ရာခိုင်နှုန်းပြီးစီးကာ ပေ ၆၀၀ တံတားတစ်စင်းမှာ ခုနစ်ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၂ ရက်တွင် တံတားစီမံကိန်းအထူးအဖွဲ့(၄)မှ တည်ဆောက်နေသော မောင်တော-အငူမော်လမ်း မိုင်တိုင်(၁/၀)အနီးရှိ ပေ ၂၄၀ အရှည် ပန်းတောပြင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တံတားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး လက်ရှိအချိန်တွင် ၇၈ ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လမ်းအထူးအဖွဲ့(၁၇)မှ ဖောက်လုပ်နေသည့် ဥဒေါင်း-ညောင်ချောင်းလမ်းစီမံကိန်း မိုင်တိုင်အမှတ် (၁/၂) အနီး တံတားတည်ဆောက်ရန်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တံတား Structural Design ပုံစံအား အတည်ပြုပေးကာ လမ်းသစ်ဖောက်လုပ်ခြင်းဖြစ်၍ မိုးတွင်းကာလ၌ ဖို့မြေနှင့် ဖြတ်မြေလုပ်ငန်းများအခြေအနေကို စောင့်ကြည့် ထိန်းသိမ်းပြုပြင်သွားရန် မှာကြားသည်။ အဆိုပါလမ်းမှာ ၁၀ မိုင် ၇ ဖာလုံရှိပြီး ၃၄ ပေ အကျယ် ဖို့မြေ၊ ဖြတ်မြေမြေလုပ်ငန်းနှင့် ပေ ၂၀ အကျယ် ဒုအခြေခံလွှာ အမာခံလမ်းခင်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီး ပေ ၅၀ အောက် Box Culvert ၅၈ စင်းတည်ဆောက်ရာတွင်လည်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန္နူ-အင်းဒင်-စေတီပြင်(မေယုတောင်ကျော်)လမ်း မိုင်တိုင် (၀/၃)အနီးအမှတ်(၁)တံတား ပေ ၉၀ အားလည်းကောင်း၊ မိုင်(၃/၀)အနီး အမှတ်(၂)တံတား ပေ ၁၈၀ ၏လုပ်ငန်းပြီးစီးမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မေယုတောင်ကျော်လမ်းများ ဖောက်လုပ်ရာ၌ လုံခြုံရေးသတိဖြင့် အထူးသတိထား ဆောင်ရွက်သွားကြရန်နှင့် ကွန်ကရစ်လမ်းခင်းရာ၌ Mixed Ratio များ မှန်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။ အဆိုပါလမ်းမှာ ၁၀ မိုင် ၇ ဖာလုံ ရှည်လျားပြီး ပေ ၂၀ အကျယ် အမာခံလမ်းခင်းခြင်း ကိုးမိုင်၊ ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်း ငါးမိုင် တစ်ဖာလုံ၊ ပေ ၅၀ အောက်တံတား ၅၈ စင်းမှာ ၁၀၀ ရာခိုင်နှုန်းနှင့် ပေ ၅၀ အထက်တံတား ရှစ်စင်းမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီး စီမံကိန်းတစ်ခုလုံး၏ ၅၅ ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ပန္နူမှ အငူမော်အထိ Asia World Co.,Ltd. မှ ကွန်ကရစ်လမ်းခင်းထားမှုအခြေအနေများကို လမ်းတစ်လျှောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ နိုင်ငံပေါင်း ၄၉ နိုင်ငံတို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၀၈၉၂ ဒသမ ၀၆၁ သန်း ရင်းနှီးမြှုပ်နှံ



**ရန်ကုန်  ဩဂုတ် ၁၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုကဏ္ဍမှ လုပ်ငန်းနှစ်ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆၅ သန်းနှင့် ငွေကျပ် ၁၈ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၆၉ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ နိုင်ငံပေါင်း ၄၉ နိုင်ငံတို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၇၅၂ ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၀၈၉၂ ဒသမ ၀၆၁ သန်းဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။

နိုင်ငံပေါင်း ၄၉ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၇၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၃ ဒသမ ၈၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**သတင်းစဉ်**

# မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော်  ဩဂုတ် ၁၃**

နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသော မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများက ဆောင်ရွက်ပေးလျက်ရှိသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများပိုမိုကောင်းမွန်စေရေးနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စာရင်းပိတ်လုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။





**ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်**

ညှိနှိုင်းဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပြောင်းလဲလာသော ဘဏ်လုပ်ငန်းစနစ်များနှင့်အညီ လုံခြုံ၍ကောင်းမွန်သော ငွေကြေးနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်ရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် အသိပညာ၊ အတတ်ပညာများကို အမြဲမပြတ် လေ့လာသင်ယူရန် လိုအပ်ပါကြောင်း၊ ရုံးချုပ်ဌာနကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများက ဘဏ်ခွဲများအပေါ် မျက်ခြည်မပြတ် ကြီးကြပ်မှုရှိရန် လိုအပ်ပါကြောင်း၊ တာဝန်ယူ တာဝန်ခံမှုရှိစွာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဌာနအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် မန်နေဂျာများ၊ ခရိုင်ဘဏ်ခွဲမန်နေဂျာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် မြန်မာနိုင်ငံ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် အသင်းဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အများပြည်သူတို့အတွက် အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်ချက်ဖြင့် ဟောပြောပွဲများ ကျင်းပလျက်ရှိရာ ဩဂုတ် ၁၈ ရက် ( တနင်္ဂနွေနေ့ ) နံနက် ၁၀ နာရီတွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် မြန်မာနိုင်ငံ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာဦးထွန်းလွင်၊ စာရေးဆရာဒေါက်တာခင်မောင်ညို၊ ဦးချိုချို (ရေအရင်းအမြစ်ဆိုင်ရာပညာရှင်)၊ ဦးတင်ထွဋ်ဦး (UMFCCI အကြံပေးပုဂ္ဂိုလ်) တို့က ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**အောင်သူရ**

# စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**



# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၀ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ညောင်ပင်ကျေးရွာ၊ ရပ်ကွက်(၇)နေ မြင့်အောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၈-၂၀၁၉ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ညောင်ပင်ကျေးရွာ၊ ရပ်ကွက်(၇)နေ မြင့်အောင်(၄၉)နှစ်၊ (ဘ)ဦးဘသန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်ဇနီး မချစ်စု(ခ) မယုယုလွင်(၂၄)နှစ်၊ (ဘ)ဦးမောင်ရှိန်တို့(၂)ဦးအား ဘိန်းဖြူများ၊ 88/1နှင့်WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ)မယ(ပ)၃၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ၁၉(က)/ ၂၀(က)/ ၂၁ဖြင့်လည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ရပ်ကွက်(၆)နေ ကိုကိုဦး (၂၄)နှစ်၊ (ဘ)ဦးမြင့်အောင်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းနှင့်ညီဖြစ်သူ ကျော်မင်းဟန်(၂၀)နှစ်၊ (ဘ) ဦးမြင့်အောင်တို့ (၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ) မယ(ပ)၃၂/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ တယ်ဘိုပင်ကျေးရွာနေ ဒမ်မဆန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၉ ရက်နေ့တွင် ခင်ဦးမြို့နယ်၊ တယ်ဘိုပင်ကျေးရွာနေ ဒမ်မဆန်(ခ)ကျော်သက်အောင်(၂၇)နှစ်၊ (ဘ) ဦးစိုးဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခင်ဦး) မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ရွာသစ်ကုန်းကျေးရွာနေ မြိုင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ရွာသစ်ကုန်းကျေးရွာနေ မြိုင်ဝင်း(၅၁)နှစ်၊ (ဘ)ဦးဘသိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY နှင့် MY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ (ပ) ၃၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ရွှေပြည်သာကျေးရွာနေ အောင်လွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ရွှေပြည်သာကျေးရွာနေ အောင်လွင်(၅၅)နှစ်၊ (ဘ)ဦးဘအောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ(ပ)၃၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အောင်းကုန်းကျေးရွာနေ ဇော်မင်းဦး (ခ) ကျားလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၉ ရက်နေ့တွင် အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက်၊ ဗျူဟာလမ်းမကြီးပေါ်၌ အောင်းကုန်းကျေးရွာနေ ဇော်မင်းဦး(ခ) ကျားလေး(၃၁)နှစ်၊ (ဘ)ဦးမောင်ကျားနှင့် တစ်ရွာတည်းနေ စိုးဝင်း(၃၃)နှစ်၊ (ဘ)ဦးစံပွဲတို့(၂)ဦးအား တွေ့ရှိသဖြင့်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိဘဲ စစ်ဆေးချက်အရ ၎င်းတို့၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ဇော်မင်းဦး(ခ) ကျားလေး၏ နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ(ပ)၈၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ရေငံကြီးကျေးရွာနေ တင်မောင်လတ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၈-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ရေငံကြီးကျေးရွာနေ တင်မောင်လတ်(၄၆)နှစ်၊ (ဘ)ဦးအောင်တင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း) မယ(ပ) ၁၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အိုင်မမယ်ဇလီကျေးရွာနေ မောင်ထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၁၉ ရက်နေ့တွင် နတ်မောက်မြို့နယ်၊ ကပေါင်းကုန်းကြီးကျေးရွာ၊ မကွေး-ရမည်းသင်း ခရိုင်ချင်းဆက်လမ်း၊ မိုင်တိုင်(၀/၅)၌ မြို့သစ်မြို့နယ်၊ အိုင်မမယ်ဇလီကျေးရွာနေ မောင်ထွန်း(၅၂)နှစ်၊ (ဘ)ဦးလယ်မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (နတ်မောက်) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ လေးထောင့်ကန်ကျေးရွာ၊ ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ၊ အခန်းအမှတ်(ခ/၁၂)နေ ဖိုးလပြည့် (ဘ) ဦးထွန်းအောင်ကျော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၈-၂၀၁၉ရက်နေ့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ လေးထောင့်ကန်ကျေးရွာ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၊ အခန်းအမှတ်(ခ/၁၂)နေ ဖိုးလပြည့်(ခ) မျိုးထက်ကျော် (၂၉)နှစ်၊ (ဘ) ဦးထွန်းအောင်ကျော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်)မယ (ပ)၆၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ သံသုမာ (၂)လမ်းနေ ဒေါ်တစ်ဆုပ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၈-၂၀၁၉ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးပုညလမ်းပေါ်၌ (၁၄)ရပ်ကွက်၊ နံ့သာဖြူလမ်းနေ ချစ်ထွေး (၁၉)နှစ်၊ (ဘ) ဦးငွေသိန်း စီးနင်းလာသည့် စက်ဘီးအား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ) ၁၇၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့်လည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ (၁၉)ရပ်ကွက်၊ သံသုမာ (၂)လမ်းနေ ဒေါ်တစ်ဆုပ်(ခ)ဒေါ်တင်လှ(၅၆)နှစ်၊ (ဘ) ဦးရွှေ၏ မေဒါဝီလမ်းနှင့် သံသုမာ(၂) လမ်းထောင့်ရှိ မုန့်ဟင်းခါးဆိုင်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်သာယာ)မယ(ပ)၁၇၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ ရွာကြီးကျေးရွာနေ ကိုဘဲ (ခ) ဇော်ထွန်းဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၉ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၊ ရွာကြီးကျေးရွာနေ ကိုဘဲ(ခ) ဇော်ထွန်းဦး(၄၇)နှစ်၊ (ဘ)ဦးထွန်းရီ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (နန်းပန်)မယ (ပ)၁၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၁၀-၈-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၂၄)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၉၅၀)ဦး၊ မ (၁၈၀)ဦး၊ ပေါင်း (၁၁၃၀)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၅၅၉.၇၇၈၄)ဂရမ်၊ ICE (၁၃၁၈.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၆၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၃၄၄၇၂)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ (၂၅၇) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အလျင်လိုကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၄)ပြား၊ ဘိန်းဖြူ(၁၀.၉)ဂရမ်၊ ဘိန်း(၁.၃)ဂရမ်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိကားဝင်းအတွင်းရှိ ဘုရင့်နောင် ယာဉ်ပြင်ရုံ၌ ကွတ်ခိုင်မြို့မှ မူးယစ်ဆေးဝါးအမှုဖြင့် သိမ်းဆည်းရမိထားသည့် Landcruiser ယာဉ်အား ယာဉ်စစ်ဆေးမှုနှင့် ပြုပြင်မှုဆောင်ရွက်စဉ် ယာဉ်၏ ဆီတိုင်ကီ အံဝှက်အတွင်းမှ ဘိန်းဖြူ (၃၁၁၅၀)ဂရမ်၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ခကျန်ကျေးရွာအထွက်လမ်းပေါ်၌ စိစစ်နေစဉ် ဆိုင်ကယ်(၁)စီးသည် စစ်ဆေးရေးအဖွဲ့အနီးမရောက်မီ ဆိုင်ကယ်လှဲချကာ လူထွက်ပြေးတိမ်းရှောင်သွားပြီး ဆိုင်ကယ်ပေါ်ရှိ အထုပ်အတွင်းမှ ဘိန်းဖြူ(၁၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မော်ပုံကျေးရွာအဝင် ကံဆီး-လုံးခင်းကျေးရွာသွား လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊စစ်ဆေးဖော်ထုတ်ချက်အရ ကံဆီးကျေးရွာရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ လွယ်ဂျယ်မြို့ အမှတ်(၅)အောင်ဇေယျရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၉၂၅)ပြား၊ မံစီမြို့နယ်၊ မက်လင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ မန်ရ-ဟန်ထက်ကျေးရွာသွား ကားလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၃၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပူတာအိုမြို့နယ်၊ ဖက်မာဒါးကျေးရွာ၊ တံတားထိပ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည်တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ဘိန်းဖြူ(၃၉၆)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဧကေ(၅၀၀၀)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅၀)ပြား၊ ဆောင်ကန်းကျေးရွာအနီးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မဲဘောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ စက်မှုဇုန်တိုးချဲ့ကျေးရွာရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၈၉၈၀)ပြား၊ စက်မှုဇုန် တိုးချဲ့ကျေးရွာအနီး လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြဝတီမြို့နယ်၊ ဖားချောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၂)ဦး၊ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၉၉၇)ပြား၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မိုင်နွဲ့ကျေးရွာ၌ တရားခံအမျိုးသား(၅)ဦးထံမှ ဘိန်းဖြူ(၀.၂)ဂရမ်၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ထင်းရှူးကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းစာရွက်(၅၇၁.၅၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာနှင့် ကတိုးဆိပ်ကျေးရွာကြားလမ်းမပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကုလားဘာတောင် ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၀၀)ပြား၊

**စာမျက်နှာ ၉ သို့ »»»**

»»» စာမျက်နှာ ၈ မှ

အမ်းမြို့နယ်၊ ပဲပဒုံကျေးရွာအနီး အမ်း-မင်းဘူးသွားကားလမ်း မိုင်တိုင်(၉၂)၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှစိတ်ကြွဆေးပြား(၆)ပြား၊ ဆိုင်ကယ်(၂) စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကင်တုတ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၀၀) ပြား၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွား ကားလမ်းမိုင်တိုင်(၁၄၄/၃)၌ သတင်းအရ Probox ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ ကလောမြို့နယ်၊ ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်းမိုင်တိုင် (၆၅/၃)၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား (၁)ဦးထံမှ ဆေးခြောက်(၂၄၀၀)ဂရမ်၊ ၎င်းနေရာ၌ပင် သတင်းအရ ခရီးသည်တင်ယာဉ် နောက်(၁)စီးအား ထပ်မံစစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည်တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၆၀၀)ပြား၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်စံပြ ကျေးရွာ၌တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၈၀၀၀)ပြား၊ ပင်းတယမြို့နယ်၊ ကန်ဒေါင့်ကျေးရွာလမ်းဘေးရှိ ချုံအတွင်း၌ ပိုင်ရှင်မဲ့ ရပ်တန့်ထားသည့် ဆိုင်ကယ်အား စစ်ဆေးရာ ဘိန်း (၁၇၄၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက်၌ တရားခံ အမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၉၈)ပြား၊ ဘိန်းဖြူ(၈၂)ဂရမ်၊ သိန္နီမြို့နယ်၊ ရေပူစစ်ဆေးရေးဂိတ်၌ သတင်းအရ Crown ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း (၁၂၇၂၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မူဆယ်မြို့နယ်၊ တိန်းလုံကျေးရွာကူးတို့ဆိပ်အနီး လမ်းဘေးဝါးရုံတောအတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ ဓာတုဆေးရည်(၃၂၀၀)လီတာ၊ကွတ်ခိုင်မြို့နယ်၊ ရှောက်ဟော်ကျေးရွာအနီး ဝန်းကျင် တစ်ဝိုက် နယ်မြေရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် စိတ်ကြွဆေးပြား (၉၀၀၀)ပြား၊ ICE (၇၅၀၀၀၀)ဂရမ်၊ ဓာတုပစ္စည်းများ၊ ချက်လုပ်သည့်ပစ္စည်းများနှင့်အတူ မူးယစ်ဆေးဝါး ချက်လုပ်သည့် တဲကြီး (၄) လုံး၊ လူနေတဲ (၉၂)လုံးနှင့် ဆက်စပ်ဓာတုပစ္စည်းများဖြစ်သည့် (၅)ဂါလန်ဆံ့ အက်စစ်ပုံး(၂၂၆၂)ပုံး၊ (၁၀)ဂါလန်ဆံ့ အက်စစ်ပုံး (၃၅၆)ပုံး၊ (၅၀)ဂါလန်ဆံ့အက်စစ်ပုံး(၁၉၅)ပုံး၊ အက်စစ်သံပီပါ (၄၇၈)လုံး၊ အက်စစ်ပုလင်း (၅၂၈၀) ပုလင်း၊ Washing Soda(၉၀)အိတ်၊ Brown Charcoal(၂၀)အိတ်၊ ဆိုဒီယမ်အိတ်ဇောဒိုက်(၁၂၂၀)အိတ်၊ ဆိုဒီယမ် ဆာလဖိတ်(၅၀)အိတ်၊ ဆေးမှုန့်(အဖြူ/အနီ)(၁၈)ဖာ၊ ဒိုဇာ(၁)စီး၊ Hilux ယာဉ်(၁)စီး၊ ဂက်စ်အိုး (အရှည်)(၁၁၄၄) လုံး၊ မီးဖိုဘွိုင်လာ(၆၉)လုံး၊ ဖန်ပေါင်းချောင်/ ပေါင်းအိုး(၉၅)လုံး၊ မီးစက်(အကြီး)(၆)လုံး၊ ရေခဲသေတ္တာ(၃၀)လုံး၊ Deep Freezer (၇)လုံး၊ အဝတ်လျှော်စက် (၁၁)လုံး၊ အခြောက်ခံ စတီးဇန်း(၄၀)ချပ်၊ အခြောက်ခံစက်(၆)လုံး၊ စတီးမွှေစက်(၈)လုံး၊ ဆေးပြားရိုက်စက် (၅)လုံး၊ ကတ္တား(၆)ခု၊ ဇလား မျိုးစုံ(၄၈၄)လုံး၊ ဇလုံမျိုးစုံ(၂၀၅)လုံး၊ လက်ဖက်ခြောက်အိတ်ခွံ(၁၈၀၀)အိတ်၊ မဘိမ်းမြို့ အမှတ်(၁)ရပ်ကွက်၊ မဘိမ်း-ပင်ကြိမ်ကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၄၀၀၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ လောက်ကိုင်မြို့နယ်၊ ချဉ်မလင်ကျေးရွာအနီးတစ်ဝိုက် နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် လူမနေတောင်ယာတဲ အတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်စိစစ်ဆဲ စိတ်ကြွဆေးပြား (၁၈၀၀၀)ပြား၊ Amoniumchloride (၈၅၀၀)ဂရမ်၊ Methanol(၁၀၀၀)ဂရမ်၊ ရန်လုံကျိုင်းကျေးရွာအနီး နှစ်နိုင်ငံနယ်စပ်ဝန်းကျင် နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် တောလမ်းအတိုင်း လမ်းလျှောက်လာသူ အမျိုးသား (၁) ဦးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ထမ်းလာသည့်အထုပ် အားပစ်ချကာ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားပြီး ၎င်းအထုပ်အတွင်းမှ စိတ်ကြွဆေးပြား(၂၀၀၀၀)ပြား၊ ကျိုင်းတုံ မြို့နယ်၊ ဟွေယုတ်(၁) ကျေးရွာအနီး၌ သတင်းအရဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၆၆)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဝမ်မိုင်ကျေးရွာရှိနေအိမ်အား စစ်ဆေးရာ တရားခံ အမျိုးသားမှာ ကြိုတင်ထွက်ပြေး တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၁၇၄၀၀)ပြား၊ ပန်လော့ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အားစစ်ဆေးရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀) ပြား၊ ဆိုင်ကယ် (၁)စီး၊ တာချီလိတ်မြို့နယ်၊ မယ်ယန်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ရွှေပြည်သာကျေးရွာအနီးရှိ ကြံစိုက်ခင်းအတွင်း ဆာလာအိတ်ဖြင့် ထုပ်ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ဘိန်းဖြူ(၆၆၀)ဂရမ်၊ ခါမ်းပါတ်မြို့နယ်၊ နန်းခေါက်ခေါက်ကျေးရွာနှင့် ကျွန်းတောရေရှင် ကျေးရွာကြား တမူး-ကလေးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၆၀)ပြား၊ ဘိန်းဖြူ(၁၃၇)ဂရမ်၊ Buprenorphine Tablet(၁၅၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ မော်လိုက်မြို့နယ်၊ လောသာကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား စစ်ဆေးရာ တရားခံ အမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ (၁၀၀)ဂရမ်၊ ဘိန်း(၅၄၀) ဂရမ်၊ ဆိုင်ကယ်(၂) စီး၊ ဖောင်းပြင်မြို့နယ်၊ ကောင်းမောင်းကျေးရွာ၌ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၅၅)ပြား၊ ဘိန်းဖြူ(၃၂.၇)ဂရမ်၊ ဘိန်း(၁၆.၃၃)ဂရမ်၊ ခန္တီးမြို့ လသာတိုးချဲ့ ကွက်သစ်ရပ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၇၇)ပြား၊ ဘိန်းဖြူ(၇၁.၇)ဂရမ်၊ ဟုမ္မလင်းမြို့နယ်၊ ချောင်းဆုံကျေးရွာနှင့် တုံမလောကျေးရွာ ကြားလမ်းပေါ်၌ စစ်ဆေးနေစဉ် ဆိုင်ကယ်(၁)စီးသည် စစ်ဆေးရေးအဖွဲ့အနီး မရောက်မီဆိုင်ကယ်လှဲချကာ လူထွက် ပြေးတိမ်းရှောင်သွားပြီး ဆိုင်ကယ်ခွကြားရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဘိန်းဖြူ (၇၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကွမ်းသီးချောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၇၂၀)ဂရမ်၊ ယခင်သီတင်းပတ်များ၌ ထုတ်ပြန်ခဲ့သည့် စက်လှေနစ်မြုပ်၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ် ကျေးရွာများသို့ မျောပါလာသည်ဟု ယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်နှင့် ဆက်စပ်၍ ယခုသီတင်းပတ်အတွင်း ရေဖြူမြို့နယ်၊ ပိုက်တဲလေးကျေးရွာ ပင်လယ်ကမ်းစပ်သို့ မျောပါလာပြီး ရေစိုပျက်စီးမှုမရှိသည့် ပလတ်စတစ်ထုပ်(၁)ထုပ်အတွင်းမှ ICE(၆၀၀၀) ဂရမ်၊ ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၉၃)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ ဆေးရုံရပ်ကွက်၌ တရားခံ အမျိုးသား(၃) ဦးထံမှ စိတ်ကြွဆေးပြား (၄)ပြား၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၉)ပြား၊ ပေါင်းတည်မြို့ မင်းကွက်(၃) ရပ်ကွက်၌ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃၇)ပြား၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဈေး(၂)ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၃၅၀) ပြား၊ ICE (၀.၂)ဂရမ်၊ ဆေးခြောက် (၄)ဂရမ်၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ သရက်တောရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂)ပြား၊ ဆေးခြောက် (၂၂၉.၈၂)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေးသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၃၆၀)ပြား၊ဆိုင်ကယ်(၁)စီး၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာ၊ မန္တလေး-လားရှိုးသွား ကား လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မဲတောကျေးရွာအနီး ပြင်ဦးလွင်-မိုးကုတ်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၈၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မတ္တရာမြို့နယ်၊ ဆည်တော်ကြီး ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၇)ပြား၊ ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်ရှိ တည်းခိုခန်းအား သတင်းအရ ဝင်ရောက်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၆)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်ရှိ Hotel အခန်းအား သတင်းအရ ဝင်ရောက်စစ်ဆေးရာ တရားခံ အမျိုးသား(၂)ဦးထံမှ ICE(၁.၅)ဂရမ်၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်ရှိ Hotel အခန်းအတွင်းမှ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၈၈)ပြား၊ ICE(၄၈)ဂရမ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၇၁) ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၁၇)ပြား၊ ဆေးခြောက် (၇.၇)ဂရမ်အား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခုရှိခဲ့ပြီး ရန်ကုန်တိုင်း ဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၌ နိုင်ငံတကာ မူးယစ်ဆေးဝါး တရားမဝင် ကုန်ကူးမှုဂိုဏ်းနှင့် ဆက်စပ်မှုရှိသည့် သံသယရှိသူတရုတ်(ထိုင်ဝမ်) လူမျိုးတရားခံအမျိုးသား(၂)ဦး၊ မြန်မာတရားခံ အမျိုးသား (၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ICE (၇၄၀၀၀)ဂရမ်၊ Vigo ယာဉ်(၁)စီးအားလည်းကောင်း၊ လက်နက်/ခဲယမ်း၊ ဆက်သွယ်ရေး စက်များနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ တံခွန်တိုင်ကျေးရွာ၌ နေအိမ်အားသတင်းအရ စစ်ရှာဖွေရာတရားခံမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းရှိ ပီနံအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၂၄၈၃၄၅၆)ပြား၊ လက်ပစ်ဗုံး (၃၆)လုံး၊ လက်လုပ်ရှေ့ထွက် မိုင်း(၂)လုံး၊ ဘောစိများရောစပ်ထားသည့် ယမ်း(၂)ပိဿာ၊ ဆက်သွယ်ရေးစက် (၅၂)လုံးတို့အားလည်းကောင်း၊ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်(၁) ခု ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ညောင်ပင်သာကျေးရွာသင်္ချိုင်းကုန်းအနီး လူမနေသည့် လယ်စောင့်တဲအား သတင်းအရ ဝင်ရောက်စစ်ဆေးဖော်ထုတ်ဖမ်းဆီးစဉ် တရားခံအမျိုးသား(၁)ဦးမှ ဓားဖြင့်ပြန်လည် ခုခံတိုက်ခိုက်သဖြင့် ပစ်ခတ်ဖမ်းဆီးရာ သေဆုံးခဲ့ပြီး ဘိန်းဖြူ(၇)ဂရမ်တို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြား ဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၄-၈-၂၀၁၉ရက်နေ့မှ ၁၀-၈-၂၀၁၉ရက်နေ့အထိ) အတွင်း အမှုပေါင်း (၂၄၉)မှု၊ တရားခံကျား(၂၈၅)ဦး၊ မ(၄၉)ဦး၊ ပေါင်း(၃၃၄)ဦး၊ စိတ်ကြွဆေးပြား (၂၆၆၄၁၅၁)ပြား၊ ဘိန်းဖြူ (၃၄၀၇၃.၂၀၅) ဂရမ်၊ ICE(၈၃၀၃၅၀.၇)ဂရမ်၊ ဘိန်း(၃၁၄၄၇.၆၃)ဂရမ်၊ ဘိန်းစာမှုန့် (၇၉၅)ဂရမ်၊ ဘိန်းစာရွက် (၅၇၁.၅၅)ဂရမ်၊ ဆေးခြောက်(၂၆၄၅.၀၉)ဂရမ်၊ Buprenorphine Tablet (၁၅၅)ပြား၊ Amoniumchloride (၈၅၀၀)ဂရမ်၊ Methanol(၁၀၀၀)ဂရမ်၊ ဓာတုဆေးရည်(၃၂၀၀)လီတာ၊ ဓာတုပစ္စည်းများ၊ ချက်လုပ်သည့် ပစ္စည်းများ နှင့်အတူ မူးယစ်ဆေးဝါးချက်လုပ်သည့် တဲကြီး(၄)လုံး၊ လူနေတဲ(၉၂)လုံးနှင့် ဆက်စပ်ဓာတုပစ္စည်းများဖြစ်သည့် (၅) ဂါလန်ဆံ့ အက်စစ်ပုံး(၂၂၆၂)ပုံး၊ (၁၀)ဂါလန်ဆံ့ အက်စစ်ပုံး(၃၅၆)ပုံး၊ (၅၀)ဂါလန်ဆံ့ အက်စစ်ပုံး(၁၉၅)ပုံး၊ အက်စစ်သံပီပါ(၄၇၈)လုံး၊ အက်စစ်ပုလင်း(၅၂၈၀) ပုလင်း၊ Washing Soda (၉၀)အိတ်၊ Brown Charcoal (၂၀)အိတ်၊ ဆိုဒီယမ်အိတ်ဇောဒိုက်(၁၂၂၀) အိတ်၊ ဆိုဒီယမ်ဆာလဖိတ် (၅၀)အိတ်၊ ဆေးမှုန့်(အဖြူ/အနီ)(၁၈) ဖာ၊ လူနေတဲ(၉၆)လုံး၊ ဒိုဇာ(၁)စီး၊ Hilux ယာဉ်(၁)စီး၊ ဂက်စ်အိုး (အရှည်) (၁၁၄၄)လုံး၊ မီးဖိုဘွိုင်လာ(၆၉)လုံး၊ ဖန်ပေါင်းချောင်/ပေါင်းအိုး(၉၅)လုံး၊ မီးစက်(အကြီး)(၆)လုံး၊ ရေခဲသေတ္တာ(၃၀)လုံး၊ Deep Freezer(၇)လုံး၊ အဝတ်လျှော်စက်(၁၁)လုံး၊ အခြောက်ခံ စတီးဇန်း(၄၀)ချပ်၊ အခြောက်ခံစက်(၆)လုံး၊ စတီးမွှေစက်(၈)လုံး၊ ဆေးပြားရိုက်စက်(၅)လုံး၊ ကတ္တား(၆)ခု၊ ဇလားမျိုးစုံ (၄၈၄)လုံး၊ ဇလုံမျိုးစုံ(၂၀၅)လုံး၊ လက်ဖက်ခြောက် အိတ်ခွံ(၁၈၀၀) အိတ်နှင့် ဆက်စပ်ပစ္စည်းများ၊ လက်ပစ်ဗုံး(၃၆)လုံး၊ လက်လုပ်ရှေ့ထွက်မိုင်း(၂)လုံး၊ ဘောစိများ ရောစပ်ထားသည့် ယမ်း(၂)ပိဿာ၊ ဆက်သွယ်ရေးစက်(၅၂)လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါ သည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ ဝယ် မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံ အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

## အမေရိကန်သံရုံးမှ ဗီဇာအစီအစဉ်အသစ် ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံသားများအနေဖြင့် အမေရိကန်နိုင်ငံသို့ ခရီးသွား လာရာတွင် ပိုမိုလွယ်ကူစေရန်အတွက် လုပ်ငန်းကိစ္စအတွက် ဖြစ်စေ၊ အလည်အပတ်ခရီးအတွက် ဖြစ်စေ ခွင့်ပြုသည့် B1 နှင့် B2 ဗီဇာကို B1/B2 ဗီဇာအနေဖြင့် ပေါင်း၍ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အမေရိကန်သံရုံးမှ ဩဂုတ် ၁၂ ရက်က ထုတ်ပြန်ခဲ့သည်။

ထိုသို့လျှောက်ထားနိုင်မှုနှင့် ပတ်သက်ပြီး အမေရိကန် သံအမတ်ကြီး စကော့ မာစီရယ်က “အခုဆိုရင် နှစ်နိုင်ငံ အကြား ခရီးသွားလာမှု ပိုမိုများပြားလာဖို့နဲ့ မြန်မာနိုင်ငံ ကနေ အမေရိကန် ပြည်ထောင်စုကို ခရီးသွားလာမှုပိုမို လွယ်ကူဖို့ အမေရိကန် သံရုံးက ဆောင်ရွက်နေပါပြီ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သံရုံးအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း မြန်မာ နိုင်ငံသားများအတွက် ပြည်ဝင်ခွင့်ဗီဇာ ၁၄၀၀၀ နီးပါး ထုတ်ပေးခဲ့ကြောင်း သိရှိရပြီး မြန်မာနိုင်ငံသို့ လာရောက် သည့် အမေရိကန် နိုင်ငံသား အရေအတွက်မှာလည်း ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်း ၃၅၀၀၀ ရှိခဲ့ကြောင်း သံရုံး ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ထုတ်ပြန်ချက်အရ နှစ်နိုင်ငံအကြား ခရီး သွားလာမှုသည် တိုးတက်လာခဲ့ကြောင်းသိရပြီး ယခု လျှောက်ထားခွင့်ပြုသည့် ဗီဇာအစီအစဉ်အသစ်အရ ပြည်ဝင်ခွင့် ဗီဇာတစ်ကြိမ်လျှင် သုံးလသက်တမ်းရှိမည် ဖြစ်ကာ အာမခံကြေးပေးဆောင်ရန် မလိုအပ်တော့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးမိုး(အင်းလျား)၇၅နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဝတ္ထုတို ပြိုင်ပွဲ(၂၀၁၉)ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၃**

မိုးမိုး(အင်းလျား)၇၅ နှစ်ပြည့် မွေးနေ့အထိမ်း အမှတ်အဖြစ် အမှတ်တရဝတ္ထုတိုပြိုင်ပွဲကို ကျင်းပ မည်ဖြစ်ရာ စိတ်ဝင်စားသူမည်သူမဆို အကြောင်း အရာမရွေးစာမူပေးပို့ ယှဉ်ပြိုင်နိုင်ကြောင်း သိရ သည်။

ပြိုင်ပွဲဝင်စာမူများကို A4 စာရွက်ပေါ်တွင် ရှင်းလင်းပီသသော လက်ရေးဖြင့် (၁၀) မျက်နှာ၊ ကွန်ပျူတာဖြင့်(၆)မျက်နှာထက်မပို ရေးသား ရိုက်နှိပ်ပြီး အမည်၊ မိဘအမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့နှင့် အတူ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ် ထုတ်ဝေခြင်း မပြုရသေးကြောင်း ကိုယ်တိုင် ကတိပြု စာတစ်စောင်ပါ ပူးတွဲ၍ စာပေလောက စာအုပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃လမ်း၊ ရန်ကုန်မြို့သို့ စက်တင်ဘာ ၃၀ ရက်ထက် နောက်မကျစေဘဲ အရောက်ပေးပို့ကြရန်ဖြစ်သည်။

ဆုရသူများအမည်စာရင်းကို အောက်တိုဘာ ၁၅ ရက်နေ့တွင် ကြေညာပြီး ဆုချီးမြှင့်ပွဲအခမ်း အနားကို အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ ရက်တို့တွင် ကျင်းပမည့် မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် တွင် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်  ဩဂုတ်  ၁၃**
ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံ ဒေသအချို့တွင် စိုက်ပျိုးရာသီချိန်၌ ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလွှမ်းမှုကြောင့် တောင်သူလယ်သမားအများစု၏ လူမှုစီးပွားဘဝများအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်နှင့် ထိရောက်သောကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံ ဒေသအချို့တွင် စိုက်ပျိုးရာသီချိန်၌ ဖြစ်ပေါ်လျက်ရှိသော ရေကြီး ရေလွှမ်းမှုများကြောင့် စိုက်ခင်းများ၊ လူနေအိမ်ခြေများ ထိခိုက်ပျက်စီးမှု ကြုံတွေ့ရလျက်ရှိရာ ဒေသနေပြည်သူများ၏ လတ်တလော စားနပ်ရိက္ခာဖူလုံစေရေးအတွက် အာဆီယံအပေါင်း ၃ အရေးပေါ် အရန်ဆန်ရိက္ခာအဖွဲ့ (APTERR)၏အဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ ၎င်းအဖွဲ့ အတွင်းရေးမှူးချုပ်ရုံးနှင့်ဆက်သွယ်၍ Tier-3 အစီအစဉ်အရ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ လှူဒါန်းထောက်ပံ့သည့် အရေးပေါ်အရန်ဆန်များ ဖြန့်ဝေပေးနိုင်ရေး၊ စိုက်ပျိုးရာသီချိန်မီ ထွန်ယက်ရေး၊ မျိုးစေ့ပျိုးပင်များ အချိန်မီ ဖြန့်ဝေပေးရေး၊ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ပိုးမွှားရောဂါဆိုင်ရာ ကာကွယ်နှိမ်နင်းရေးနှင့် မြေဆီလွှာ ထိန်းသိမ်းမှုလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ စီမံဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အစည်းအဝေး တက်ရောက်လာကြသူများက စိုက်ကွင်းများ၌ လိုအပ်သော ကောက်ကွက်ဖာခြင်း၊ အသစ်ပြန်လည်စိုက်ပျိုးခြင်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် မျိုးစေ့ပျိုးပင် ဖြန့်ဖြူးခြင်း ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် ကောက်စိုက်စက် အသုံးပြုနိုင်ရေး၊ တောင်သူများ၏ လိုအပ်ချက်အပေါ် ဖြည့်ဆည်းကူညီပေးနိုင်ရေးတို့အတွက် ဒေသအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဦးစီးဌာနများအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်ထားရှိမှုကို ဆွေးနွေးတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရေကြီးရေလွှမ်းမှုဒဏ် ထိခိုက်ခံခဲ့ရသည့် ဒေသနေပြည်သူများအတွက် အစားအစာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အထောက်အပံ့များဆောင်ရွက်ပေးခြင်း၊ တိရစ္ဆာန်ဆေးဝါးများ ထောက်ပံ့ကူညီပေးနိုင်ရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်ဆေးများနှင့် မွေးမြူကုသရေးဆိုင်ရာ ကျွမ်းကျင်သူများ တာဝန်ချစေလွှတ်ခြင်း၊ မိသားစု အသုံးအဆောင်ပစ္စည်း ဖြန့်ဝေပေးခြင်း၊ ကျေးလက်သောက်သုံးရေတွင်း၊ ရေကန်များ ပြန်လည်အသုံးပြုနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၃-၈-၂၀၁၉ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့်(မ) ကန်ရေသေ(မ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော်အမြင့် (ပေ) |
|---|---|---|---|---|---|---|---|---|
| | | ကရင်ပြည်နယ် | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၈.၀၀ | ၃၃၆၀၈ | ၀.၄၃ | ၂.၀၀ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | ချင်းပြည်နယ် | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၃၀ | ၁၉၁၆ | ၀.၉၄ | ၀.၅၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၃ | ရာဇဦလိပ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၈၀ | ၅၃၇၁၀ | ၂.၆၅ | ၁.၈၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | ပဲခူးတိုင်းဒေသကြီး (အရှေ့) | | | | | | |
| ၄ | ရေသိုးရေလှောင်တမံ | တောင်ငူခရိုင်/ | ၅၀ | ၁၅၅၀၀ | ၅၀.၇၀ | ၁၆၅၄၀ | ၀.၆၆ | ၀.၇၀ |
| | | အုတ်တွင်းမြို့ | ၂၂.၈၅ | ၇၂၅ | | | | |
| ၅ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၄၀ | ၂၃၉၀ | ၀.၅၀ | ၀.၄၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၆ | ငမြေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၅၀ | ၂၄၅၀ | ၀.၅၀ | ၀.၅၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| ၇ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၀.၅၀ | ၆၅၅၈၄၉ | ၀.၄၈ | ၁.၅၀ |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၈၆၄၉ | | | | |
| ၈ | ရွှေပြည်(၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၂၀ | ၃၈၀၀ | ၃.၀၀ | ၀.၂၀ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | |
| | | မကွေးတိုင်းဒေသကြီး | | | | | | |
| ၉ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၅.၈၀ | ၆၈၂၂၀၆ | ၀.၃၆ | ၅.၈၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၁၀ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၆၀ | ၁၂၅၂၀၀ | ၀.၁၅ | ၁.၆၀ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၁၁ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၉.၅၀ | ၃၅၉၁၀၀ | - | ၆.၀၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၇၂ | | | | |
| | | မွန်ပြည်နယ် | | | | | | |
| ၁၂ | ရွှေနတ်တောင် | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၅.၀၅ | ၅၄၃၆ | ၀.၆၀ | ၁.၀၅ |
| | ရေလှောင်တမံ | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | |
| ၁၃ | အဇင်ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၁၀ | ၁၅၅၇၇ | ၀.၅၀ | ၀.၃၀ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | |
| | | ရခိုင်ပြည်နယ် | | | | | | |
| ၁၄ | ဖြိုင်းချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၇.၂၀ | ၂၅၈၀၅ | ၀.၆၀ | ၁.၂၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၁၅ | ဂရင့်ကျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၁၀ | ၆၅.၂၀ | - | ၀.၁၀ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | |
| ၁၆ | ချောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၄၀ | ၁၁၆၅ | ၀.၇၀ | ၀.၄၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| ၁၇ | တမန်းဒူးရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၄.၇၅ | ၆၇၈ | ၃၅.၀၅ | ၆၈၇ | - | ၀.၃၀ |
| | | မြေပုံမြို့ | ၁၀.၇၅ | ၇၅ | | | | |
| | | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၁၈ | နန်ကသုရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၉.၂၀ | ၄၁၀၆၄ | ၀.၉၉ | ၁.၂၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၁၉ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၅.၅၀ | ၁၄၇၈၃၅ | ၀.၈၄ | ၁.၅၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

**သဘာဝဘေးဒဏ်မှ ကာကွယ်ဖို့ သစ်တောများကို ထိန်းသိမ်းစို့**

# ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော်  ဩဂုတ်  ၁၃**
မြန်မာနိုင်ငံတစ်ဝန်းတွင် သဘာဝဘေးဒဏ်ခံစားနေရသော ဒေသအသီးသီး၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဘေးသင့်ဒေသများ အမြန်ပြန်လည် ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်အများစု၌ ရေကြီးနစ်မြုပ်မှုများဖြစ်ပွားလျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ဒေသတချို့တွင် ရေများပြန်လည်ကျဆင်းပြီဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးများတွင် ရေဘေးရှောင်စခန်း ၁၆၆ ခု၊ လူဦးရေ ၇၉၃၈၉ ဦး ကျန်ရှိနေသေးကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ထောက်ပံ့တန်ဖိုးငွေကျပ် ၃၄၄၅ သိန်းကျော်ကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ထောက်ပံ့မှုများကို လိုအပ်ချက်အတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သောက်ရေ သုံးရေသန့်ရှင်းမှုအတွက် အသုံးပြုရန် ရေသန့်ဆေးများကို ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ ထပ်မံလိုအပ်သောရေသန့်ဆေးများကိုလည်း ထပ်မံဖြန့်ဝေသွားရန် စီစဉ်လျက်ရှိကြောင်း၊ ပျက်စီးဆုံးရှုံးမှုစာရင်းများကို လတ်တလောအတိအကျ ကောက်ယူရရှိနိုင်ရန် မဖြစ်နိုင်သေးသည်ကို သိရှိပါကြောင်း၊ သို့သော်လည်း ကနဦးရရှိပြီးစာရင်းများကို စနစ်တကျစုစည်းထားရန်လိုကြောင်း၊ ကုန်ထုတ်လမ်းတံတား ပျက်စီးဆုံးရှုံးမှုများ၊ မိုးစပါးများအပါအဝင် စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်မှုများအတွက် အမြန်ပြန်လည်စိစစ်ဆောင်ရွက်ပေးနိုင်ရန် အရေးကြီးကြောင်း၊ ရေများပြန်လည်ကျဆင်းပြီးပါက ပျက်စီးဆုံးရှုံးမှုစာရင်းကို တိကျစွာကောက်ယူရရှိရေး ယခုအချိန်မှစ၍ ကဏ္ဍအလိုက် ညှိနှိုင်းစီစဉ်မှုများပြုလုပ်ရန် တိုက်တွန်းလိုကြောင်းနှင့် တက်ရောက်လာကြသော အဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဘေးသင့်ဒေသများ အမြန်ပြန်လည် ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ဝင်များဖြစ်ကြသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသော ကနဦးစာရင်းကောက်ယူရရှိမှုများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် လိုအပ်သောစက်ယန္တရားများ စီစဉ်ဆောင်ရွက်ပေးနိုင်မှု၊ သဘာဝဘေးဒဏ်ကြောင့်ရရှိသည့် စိတ်သောကဝေဒနာ စိတ်ဒဏ်ရာ ဒဏ်ချက်များအတွက် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရန် အားပေးနှစ်သိမ့်ဆွေးနွေးမှုနှင့် လိုအပ်ပါက ဆေးဝါးကုသမှုများဆောင်ရွက်ပေးနိုင်ရန် စိတ်ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု နားလည်ကျွမ်းကျင်သည့် ဆရာဝန်များစေလွှတ်၍ ဆောင်ရွက်မည့်အခြေအနေများ၊ မြွေဆိပ်ဖြေဆေးဖြန့်ဝေထားရှိမှု၊ ဘေးသင့်ဒေသများတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် အချို့ဒေသများတွင် ဓာတ်အားယာယီဖြတ်တောက်ထားခြင်းဖြစ်ပြီး ရေများပြန်လည်ကျဆင်းပါက ဓာတ်အားအမြန်ဆုံးပြန်ပေးနိုင်ရန် အဆင်သင့်ပြင်ဆင်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လိုအပ်သောစက်သုံးဆီများ ပံ့ပိုးနိုင်မှု၊ ရေဘေးသင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များ ပြန်လည်ထောက်ပံ့ပေးမည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဘေးသင့်ဒေသများ အမြန်ပြန်လည် ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌက ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောကဏ္ဍများအလိုက် ဘတ်ဂျက်ခွဲဝေထားရှိမှုများ၊ စိုက်ထုတ်အသုံးပြုနိုင်မှုအခြေအနေများကို ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ထံသို့ အမြန်ပြန်လည်တင်ပြကြရန် တိုက်တွန်းပြောကြားသည်။

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံဒေသများအတွက် ထောက်ပံ့မှုများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် နေပြည်တော်ရှိ ဦးသန်းဝင်းလှိုင်-ဒေါ်နီလာအောင် မိသားစု(သိန်းတရာရွှေဆိုင်)မှ အလှူငွေကျပ် သိန်း ၅၀ နှင့် DISAC၊ AFA၊ ဖူးကက်မြို့ပရဟိတအဖွဲ့အစည်းများနှင့် ရွှေ့ပြောင်းအလုပ်သမားများမှ ငွေကျပ် သိန်း ၁၀၀ အား မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကူညီရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး မြင်ကွင်းများ



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ဝေါမြို့၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၁၂ ရက်က ထောက်ပံ့ငွေများ ပေးအပ်စဉ်။

တင်စိုး-ပဲခူး




ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ်(၃) တိုင်းလက်အောက်ခံမှ နရေးစွန် တပ်မမှူး ဗိုလ်ချုပ် အဗိချေ့စူဆာ့ ဦးဆောင်သော အဖွဲ့က မွန်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ ဘတ်ငွေသိန်း ၃၀ ခန့် တန်ဖိုးရှိ စားနပ်ရိက္ခာများ ပေးအပ်လှူဒါန်းရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး နေမျိုးဇော် လက်ခံရယူစဉ်။

ထိန်လင်းအောင်(ပြန်/ဆက်)



မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီး မလတ်တောင်မြေပြိုကျမှုဖြစ်ပွားသောနေရာကို အပေါ်စီးမှ တွေ့ရစဉ်။(*ယင်းမြေပြိုကျမှုဖြစ်စဉ်ကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၁၃ ရက်အထိ သေဆုံးသူ ၆၅ ဦး ရှိပြီဖြစ်သည်။*)

ကိုဟိန်း(ပေါင်)



မွန်ပြည်နယ် မော်လမြိုင်ခရိုင် မလွဲတောင် မိုင်တိုင် ၁၁၂ နှင့် ၁၁၅ ကြား မြေပြိုကျမှု ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများပြီးစီးမှုကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန



ရန်ကုန်-မော်လမြိုင်-ရေး-မြိတ်လမ်း(သံဖြူဇရပ်-ရေးအပိုင်း)တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ မော်လမြိုင်ခရိုင် လမ်းဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာများနှင့် ဝန်ထမ်းများ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရန်ကုန်-မော်လမြိုင်-ရေး-မြိတ်လမ်း(သံဖြူဇရပ်-ရေးအပိုင်း)တွင် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

# အီရန်ရေနံတင်သင်္ဘောအား ဗြိတိန်က ပြန်လည်လွှတ်ပေးနိုင်ဖွယ်ရှိ




ဇူလိုင် ၁၉ ရက်တွင် အီရန်တော်လှန်ရေးတပ်ဖွဲ့က ဟော်မုဇ်ရေလက်ကြားတွင် နိုင်ငံတကာရေပိုင်နက်စည်းမျဉ်းများကို လိုက်နာခြင်းမရှိသောကြောင့် ဗြိတိန်ရေနံတင်သင်္ဘော စတီနာအမ်ပီယိုအား ဖမ်းဆီးခဲ့သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

**တီဟီရန် သြဂုတ် ၁၃**
ဗြိတိန်နိုင်ငံက ဖမ်းဆီးထားသော အီရန်ရေနံတင်သင်္ဘောကို မကြာမီအချိန်တွင် ပြန်လည်လွှတ်ပေးရန် မျှော်လင့်ရသည်ဟု အီရန်ဆိပ်ကမ်းနှင့်ရေကြောင်းဆိုင်ရာ အဖွဲ့အစည်းက သတင်းတစ်ရပ် ထုတ်ပြန်ကြေညာခဲ့ကြောင်း အီရန်နိုင်ငံပိုင်ရုပ်သံလိုင်းက သတင်းဖော်ပြသည်။

**အပြန်အလှန်ဖလှယ်**

အီရန်ရေနံတင်သင်္ဘောအား ပြန်လည်လွှတ်ပေးရန်ကိစ္စရပ်နှင့်ပတ်သက်သည့် နှစ်နိုင်ငံတာဝန်ရှိသူများက သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခဲ့ကြောင်း အီရန်ဆိပ်ကမ်းနှင့်ရေကြောင်းဆိုင်ရာ အဖွဲ့အစည်း ဒုတိယအကြီးအကဲ ဂျလီအီစလာမီ၏ ပြောကြားချက်ကိုကိုးကားပြီး ရုပ်သံလိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

ဗြိတိန်နိုင်ငံအနေဖြင့် အဆိုပါပဋိပက္ခကို ပြေလည်စေရန် ဆန္ဒရှိပါကြောင်း ဂျလီအီစလာမီက ဆိုသည်။

မကြာမီအချိန်အတွင်း အီရန်ရေနံတင်သင်္ဘောကို ပြန်လည်လွှတ်ပေးနိုင်ဖွယ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**စွပ်စွဲခဲ့**

ဇူလိုင် ၄ ရက်တွင် ဗြိတိန်တော်ဝင်ရေတပ်ဖွဲ့က ဂျီဘရယ်တာရေလက်ကြား၌ အီရန်ရေနံတင်သင်္ဘော ဂရေ့စ် (၁)ကို ဖမ်းဆီးခဲ့သည်။ ဥရောပသမဂ္ဂက ချမှတ်ထားသော ပိတ်ဆို့မှုများကို ဖောက်ဖျက်ကာ ဆီးရီးယားနိုင်ငံသို့ ရေနံများတင်ပို့သည်ဟု စွပ်စွဲခဲ့သည်။

---

# မလေးရှားနိုင်ငံ အပန်းဖြေစခန်းတစ်ခု၌ ပျောက်ဆုံးသွားသော အိုင်ယာလန်နိုင်ငံသူအား သေဆုံးလျက် ပြန်လည်တွေ့ရှိ





**ကွာလာလမ်ပူ သြဂုတ် ၁၃**
မလေးရှားနိုင်ငံ အပန်းဖြေစခန်းတစ်ခုမှ ပျောက်ဆုံးသွားသော အိုင်ယာလန်နိုင်ငံသူ ဆယ်ကျော်သက်မိန်းကလေးတစ်ဦး၏ အလောင်းအား တောအုပ်တစ်နေရာ၌ ဝတ်လစ်စလစ်ဖြင့် တွေ့ရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ပျောက်ဆုံးခဲ့သော မိန်းကလေးအား ၁၀ ရက်ခန့် ရှာဖွေမှုများပြုလုပ်ခဲ့ပြီးနောက် ယနေ့ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရှာဖွေရေးရဟတ်ယာဉ်တစ်စင်းက ယင်းမိန်းကလေး၏ အလောင်းအား မလေးရှားတောအုပ်အတွင်း၌ တွေ့ရှိခဲ့ပြီးနောက် နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ၎င်း၏မိဘများက အဆိုပါမိန်းကလေးသည် အသက် ၁၅ နှစ်အရွယ် ၎င်းတို့၏သမီးဖြစ်သူ နိုရာ ကွာရိုရင်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

သြဂုတ် ၄ ရက်က နိုရာကွာရိုရင်သည် ကွာလာလမ်ပူမြို့နှင့် မလှမ်းမကမ်းရှိ ဒူဆန်အပန်းဖြေစခန်း၌ သူ၏မိဘများနှင့်အတူ လာရောက်အပန်းဖြေစဉ် ပျောက်ဆုံးသွားခဲ့သည်။

နိုရာကွာရိုရင်အား ပြန်ပေးဆွဲခေါ်ဆောင်သွားဖွယ်ရှိသည်ဟု ၎င်း၏မိဘများက ထင်မြင်ယူဆကြသည်။ သို့သော် ရဲအရာရှိများက လူပျောက်ဆုံးမှုဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ၊ အနံ့ခံခွေးများ၊ ရေငုပ်သမားများအပါအဝင် လူ ၃၅၀ ကျော်ပါဝင်သည့် ရှာဖွေရေးအဖွဲ့က အပန်းဖြေစခန်းအနီးရှိ တောအုပ်များအတွင်း၌ နိုရာကွာရိုရင်အား ရှာဖွေခဲ့ကြသည်။

နိုရာကွာရိုရင်၏ မိဘများက ရင်းဂစ်ငါးသောင်း (ဒေါ်လာ ၁၁၉၀၀) ကို ဆုကြေးငွေအဖြစ် သတ်မှတ်ကြေညာခဲ့ပြီးနောက် တစ်ရက်အကြာတွင် နိုရာကွာရိုရင်၏ အလောင်းအား အပန်းဖြေစခန်းမှ ၁ ဒသမ ၅ မိုင်အကွာအဝေးရှိ လျှိုတစ်ခုစမ်းချောင်းအတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

နိုရာကွာရိုရင်သည် သင်ယူမှုနှင့် ဆက်ဆံပြောဆိုခြင်းဆိုင်ရာ အားနည်းချက်ရှိသော ကလေးငယ်တစ်ဦးဖြစ်ကြောင်း မိဘများ၏ ပြောကြားချက်အရ သိရသည်။

၎င်းပျောက်ဆုံးသွားသည့်နေ့တွင် နိုရာကွာရိုရင်နှင့်သူ၏ မိဘများ တည်းခိုရာ တစ်ထပ်တိုက်၏ ပြတင်းပေါက်တစ်ခု ပွင့်လျက်ရှိနေသည်ကို တွေ့ရှိခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

အဆိုပါအမှုနှင့် ပတ်သက်ပြီး ရဲအရာရှိများက စုံစမ်းစစ်ဆေးမှုများ ဆက်လက် လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- အောင်ကျော်ကျော်**

---

# မုန်တိုင်းခရိုဆာ ဂျပန်နိုင်ငံသို့ချဉ်းကပ်

**တိုကျို သြဂုတ် ၁၃**
အင်အားပြင်းထန်သည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ခရိုဆာသည် သြဂုတ် ၁၃ ရက်တွင် ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းသို့ ချဉ်းကပ်လာကြောင်း၊ ယင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်နိုင်ပြီး သြဂုတ် ၁၅ ရက်တွင် မြေပြိုမှုများဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း ဂျပန်မိုးလေဝသ တာဝန်ရှိသူများက သတိပေးချက်များ ထုတ်ပြန်ထားသည်။

ယင်းမုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၁၀ အထက်တွင်ရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ခန့်မှန်းပြောကြားသည်။ အဆိုပါမုန်တိုင်းသည် သြဂုတ် ၁၄ ရက်တွင် တောင်ဘက်ပိုင်းရှိ ကျူရှူးဒေသကို ဖြတ်သန်းတိုက်ခတ်ချိန်၌ လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ အထိ မြင့်တက်လာနိုင်သည်ဟုဆိုသည်။ ယင်းမုန်တိုင်းကြောင့် ရှိကိုကူးဒေသရှိ ပင်လယ်ပြင်တွင် အမြင့် ၁၀ မီတာခန့်ရှိသော လှိုင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနမှ တာဝန်ရှိသူများက မျှော်လင့်ထားသည်။

သြဂုတ် ၁၄ ရက်မှစ၍ အလွန်သည်းထန်သည့် မိုးရွာသွန်းမှု ဖြစ်ပွားနိုင်ပြီး ဂျပန်နိုင်ငံ၏ အရှေ့ဘက်နှင့် အနောက်ဘက်ပိုင်းရှိ ပစိဖိတ်သမုဒ္ဒရာကမ်းခြေ ဒေသတချို့တွင် နေရာကွက်၍ တစ်နာရီလျှင် မိုးရေချိန် ၈၀ မီလီမီတာအထိ မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်ဟု မိုးလေဝသဌာနမှ ပြောကြားသည်။

မုန်တိုင်းဝင်ရောက်ချိန်သည် ဂျပန်နိုင်ငံသားများ၏ နွေရာသီခရီးသွားအားလပ်ချိန်အတွင်း၌ဖြစ်၍ ခရီးသွားသည့်သူများအနေဖြင့် မိုးလေဝသနောက်ဆုံးသတင်းများကို သတိပြု စောင့်ကြည့်ကြရန် နှိုးဆော်ထားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ အနှောင့်အယှက်ရှိနိုင်ခြင်းကြောင့် ဂျပန်နိုင်ငံအနောက်ပိုင်းမှ ရထားပို့ဆောင်ရေး ကုမ္ပဏီများက ၎င်းတို့၏ ရထားခုတ်မောင်းသည့် ခရီးစဉ်များကို သြဂုတ် ၁၄ ရက်မှ ၁၅ ရက်အထိ ရပ်ဆိုင်းထားဖွယ်ရှိကြောင်း ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

---

# ဘာရင့်၊ နော်ဝေနှင့် မြောက်ပင်လယ်တို့အပေါ်၌ ရုရှားမဟာဗျူဟာဗုံးကြဲလေယာဉ်များ ကင်းလှည့်ပျံသန်း




**မော်စကို သြဂုတ် ၁၃**
ရုရှားလေတပ်မှ တီယူ-၉၅ အမျိုးအစားမဟာဗျူဟာ ဗုံးကြဲလေယာဉ်နှစ်စင်းသည် ဘာရင့်၊ နော်ဝေနှင့် မြောက်ပင်လယ်တို့တွင် ကင်းလှည့်ပျံသန်းသည့် အစီအစဉ်ကို လုပ်ဆောင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သြဂုတ် ၁၂ ရက်တွင် ပြောကြားသည်။

ယင်းမဟာဗျူဟာ ဗုံးကြဲလေယာဉ်နှစ်စင်း၏ ပျံသန်းချိန်မှာ ကိုးနာရီကျော်ကြာမြင့်ခဲ့ပြီး ယင်းလေယာဉ်များ ပျံသန်းမှုကို နော်ဝေလေတပ်မှ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များက စောင့်ကြည့်ပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် သတင်း၌ ဖော်ပြသည်။

ရုရှားလေတပ်မှ တာဝေးပျံသန်းသည့် ဗုံးကြဲလေယာဉ်များသည် အာတိတ်၊ အတ္တလန္တိတ်နှင့် ပစိဖိတ်သမုဒ္ဒရာများရှိ ကင်းလွတ်ရေပြင်များအပေါ်တွင် ပျံသန်းမှု ပုံမှန်ပြုလုပ်မှုများရှိပြီး ပင်လယ်နက်နှင့် ဘောလ်တစ်ပင်လယ်များပေါ်တွင်လည်း ပျံသန်းမှုများပြုလုပ်ကြောင်း၊ ယင်းသို့ ပျံသန်းရာတွင် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ပျံသန်းခြင်းဖြစ်ပြီး အခြားနိုင်ငံများ၏ နယ်နိမိတ်များနှင့် လေကြောင်းပိုင်နက်များကို ကျူးကျော်ပျံသန်းမှုများ မရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ ထရန့်နှင့် ဂျွန်ဆင် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေး

**ဝါရှင်တန် ဩဂုတ် ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဗြိတိန်ဝန်ကြီးချုပ်သစ် ဘောရစ်ဂျွန်ဆင်တို့သည် ဩဂုတ် ၁၂ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ ကုန်သွယ်ရေးနှင့် ကမ္ဘာ့လုံခြုံရေးအပါအဝင် ကျယ်ပြန့်သောကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ ဗြိတိန်အစိုးရ၏ ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုအပေါ် ၎င်း၏ အသိအမှတ်ပြုမှုကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်သမ္မတသည် မဝေးတော့သည့် အနာဂတ်တွင် ဗြိတိန်ဝန်ကြီးချုပ်နှင့် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံမည်ဟု မျှော်လင့်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ထပ်မံဖော်ပြထားသည်။

ပင်လယ်ကွေ့ဒေသအတွင်း သင်္ဘောသွားလာမှုဘေးကင်းလုံခြုံရေးအတွက် နိုင်ငံတကာရေကြောင်းလုံခြုံရေးအဖွဲ့၌ ပူးပေါင်းပါဝင်ရန် ဗြိတိန်အစိုးရက ကြေညာခဲ့ပြီးနောက် ရက်အနည်းငယ်အတွင်းမှာပင် ယခုကဲ့သို့ ထရန့်နှင့် ဂျွန်ဆင်အကြား ဆက်သွယ်ဆွေးနွေးမှု ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ဒေသအတွင်း အီရန်၏ လွှမ်းမိုးမှုကို တုံ့ပြန်ရန် အဆိုပါအဖွဲ့ကို အခိုင်အမာ ထောက်ခံခဲ့သော်လည်း ၎င်း၏ မဟာမိတ်နိုင်ငံများမှ ထောက်ခံမှု အနည်းငယ်သာရရှိသေးကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင်လက ဗြိတိန်ဝန်ကြီးချုပ်အဖြစ် ထရီဆာမေ၏ ရာထူးတာဝန်ကို ဆက်ခံခဲ့သည့် ဂျွန်ဆန်သည် ယခုလကုန်ပိုင်းတွင် ပြင်သစ်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံမည်ဟု မျှော်လင့်ရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်





# ဟောင်ကောင်လေဆိပ်ကို ပြန်လည်ဖွင့်လှစ်သော်လည်း လေကြောင်းခရီးစဉ်များ ဖျက်သိမ်းထားဆဲဖြစ်

**ဟောင်ကောင် ဩဂုတ် ၁၃**

ဆန္ဒပြမှုများကြောင့် ပိတ်ထားခဲ့ရသော ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သော်လည်း ရာချီသော လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။ အဓိကကျသော ဒေသတွင်း လေဆိပ်ကြီးတစ်ခုဖြစ်သည့် ဟောင်ကောင်လေဆိပ်ကို ထိုင်သပိတ်ပြမှုများကြောင့် ယမန်နေ့က ပိတ်ခဲ့ရပြီး လေကြောင်းခရီးစဉ် ၁၇၀ ကျော်ကို ဖျက်သိမ်းခဲ့ရသည်။

ဆန္ဒပြသူအများစုမှာ လေဆိပ်မှ ထွက်ခွာသွားပြီဖြစ်သော်လည်း အများအပြားမှာ ဆိုက်ရောက်ခန်းမအတွင်း လက်ကိုင်ပိုစတာများ ကိုင်ဆောင်၍ ဆန္ဒပြနေဆဲဖြစ်သည်။ ဒေသစံတော်ချိန် နံနက်၇ နာရီတွင် လေကြောင်းခရီးစဉ်များ ပြန်လည်စတင်ခဲ့ကြောင်း၊ လေယာဉ်မရှိမှုနှင့် အခြားကိစ္စရပ်များကြောင့် လေကြောင်းခရီးစဉ် ၃၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရကြောင်း လေဆိပ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။ ရာဇဝတ်ကောင်ဟု သံသယရှိသူများကို စစ်ဆေးစီရင်ရန် တရုတ်ပြည်မကြီးသို့ ပို့ဆောင်ခွင့်ပြုမည့် ဥပဒေကြမ်းတစ်ရပ်ကို ဟောင်ကောင်ပြည်သူများက ကန့်ကွက်ဆန္ဒပြနေခြင်းဖြစ်သည်။

ဆန္ဒပြသူများကို ရဲတပ်ဖွဲ့က အကြမ်းဖက်မှုအပေါ် ကန့်ကွက်ရန် ထိုင်သပိတ်ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ လေဆိပ်လည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေသည့်အတွက် ဆန္ဒပြသူများကို ဟောင်ကောင်အမှုဆောင်ချုပ်ကာရီလမ်းက ပြစ်တင်ရှုတ်ချခဲ့ပြီး အကြမ်းဖက်ဆန္ဒပြမှုများ အဆုံးသတ်ရန် တောင်းဆိုလိုက်သည်။ တရားဥပဒေစိုးမိုးမှုမရှိပါက ဟောင်ကောင်လူ့အဖွဲ့အစည်းမှာ အန္တရာယ်ရှိသော အခြေအနေတစ်ရပ် ကျရောက်နိုင်ကြောင်း ၎င်းက ယနေ့နံနက်ပိုင်းက ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ သို့သော်လည်း လေဆိပ်၌ နောက်ထပ် လူထုစုဝေးမှုများ လုပ်ဆောင်ရန် ဆန္ဒပြသူများက တောင်းဆိုနေပြီး ၎င်းတို့၏ ဆောင်ရွက်ချက်များကို နှိမ်နင်းမည့် အစိုးရနှင့် ရဲတပ်ဖွဲ့၏ ကြိုးပမ်းမှုများကို ဝေဖန်ခဲ့သည်။

ကျောင်းသား ကျောင်းသူများနှင့် ဒီမိုကရေစီလိုလားသူများက ယခုသီတင်းပတ်အတွင်း နောက်ထပ်ဆန္ဒပြမှုများ လုပ်ဆောင်ရန် စီစဉ်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဖိလစ်ပိုင်ကျောင်းသား ကျောင်းသူ ၈၀ တရုတ်အစိုးရပညာတော်သင်ဆုရရှိ

**မနီလာ ဩဂုတ် ၁၃**

ယခုနှစ်အတွင်း တရုတ်နိုင်ငံရှိ တက္ကသိုလ်များ၌ ပညာသင်ကြားရန် ဖိလစ်ပိုင်ကျောင်းသားကျောင်းသူ ၈၀ ကို တရုတ်အစိုးရပညာတော်သင်ဆုများ ချီးမြှင့်ခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံရှိ တရုတ်သံရုံးက ကြေညာလိုက်သည်။

တရုတ်ပညာတော်သင်ဆု ရွေးချယ်ရေးကောင်စီသည် လျှောက်လွှာများကို စနစ်တကျ စိစစ်ပြီးနောက် ၂၀၁၉ ခုနှစ် တရုတ်အစိုးရပညာတော်သင်ဆုအတွက် ဖိလစ်ပိုင်ကျောင်းသားကျောင်းသူ ၈၀ ၏ လျှောက်လွှာများကို အတည်ပြုခဲ့ကြောင်း မနီလာမြို့တော်ရှိ တရုတ်သံရုံးက ပြောကြားသည်။ ယခုနှစ်အတွက် ပညာတော်သင်ဆုပေးအပ်လိုက်သော ဘာသာရပ်များတွင် နိုင်ငံတကာဆက်ဆံရေး၊ ကော်ပိုရိတ်စီမံခန့်ခွဲရေး၊ လက်တွေ့ဆေးဝါးကုသမှု၊ အင်ဂျင်နီယာဘာသာရပ်စီမံခန့်ခွဲမှုနှင့် ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့ရများအတွက် တရုတ်ဘာသာစကား အစရှိသည်တို့ ပါဝင်ကြောင်း တရုတ်သံရုံးက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

ပီကင်းတက္ကသိုလ်၊ ဆင်းဟွာတက္ကသိုလ်၊ ကျားမင်တက္ကသိုလ်၊ ကျိနန်တက္ကသိုလ်၊ ဖုကျန်းနော်မယ်တက္ကသိုလ်နှင့် တရုတ်နိုင်ငံရှိ အခြားဂုဏ်သတင်းကျော်ကြားသော တက္ကသိုလ်များတွင် တက်ရောက်ခွင့်ရရှိမည့် ပညာတော်သင်ဆုရ ကျောင်းသား ကျောင်းသူ ၈၀ မှာ အခမဲ့ကျူရှင်၊ အခမဲ့နေထိုင်စရာ၊ ထောက်ပံ့ကြေးနှင့် ကျန်းမာရေး အာမခံချက်ရရှိမည်ဖြစ်သည်။

**ကိုးကား--ဆင်ဟွာ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# သဘာဝဘေးကယ်ဆယ်ရေးအတွက် ယွမ် ၃၇၈ သန်း တရုတ်အစိုးရခွင့်ပြု

**ပေကျင်း ဩဂုတ် ၁၃**

သဘာဝဘေးအန္တရာယ်ခံစားနေရသည့် ပြည်နယ်အဆင့် ဒေသငါးခုတွင် သဘာဝဘေးကယ်ဆယ်ရေးအတွက် ယွမ်ငွေ ၃၇၈ သန်း ( အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၇၅ သန်းခန့်) ကို တရုတ်အစိုးရက ခွင့်ပြုခဲ့ကြောင်း အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ အင်္ဂါနေ့က ကြေညာသည်။

ယင်းခွင့်ပြုငွေများကို သဘာဝဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်း၊ နောက်ဆက်တွဲသဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် စောင့်ကြည့်ရေးနှင့် စစ်ဆေးရေးလုပ်ငန်းအပါအဝင် အရေးပေါ်ပြောင်းရွှေ့နေရာချထားရေးလုပ်ငန်းများတွင် သုံးစွဲမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယွမ်ငွေ ၁၁၅ သန်းကို တရုတ်အလယ်ပိုင်းရှိ ဟူနန်ပြည်နယ်သို့ လည်းကောင်း၊ ယွမ် ၁၀၂ သန်းကို ယူနန်ပြည်နယ်သို့ လည်းကောင်း၊ ကျန်ငွေပမာဏကို ကျန်ရှီးပြည်နယ်၊ ကွီကျိုးပြည်နယ်နှင့် ချုံကျင်း မြူနီစီပယ်သို့ လည်းကောင်း ခွဲဝေချထားပေးမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ပြောသည်။

ဝန်ကြီးဌာနသည် ယင်းဒေသများရှိ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ဦးဆောင်လမ်းညွှန်မှုပေးရန်အတွက် ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့များကို သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားရသည့် ဒေသများသို့ စေလွှတ်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန် အောင်ဇော်လင်း**

# ပြည်တွင်းဖြစ် အဆင့်မြင့်သံချပ်ကာယာဉ်များ အီရန်ထုတ်ဖော်ပြသ

**တီဟီရန် ဩဂုတ် ၁၃**

အီရန်နိုင်ငံသည် ပြည်တွင်းဖြစ် အဆင့်မြင့်သံချပ်ကာယာဉ်များကို ဩဂုတ် ၁၃ ရက်က ကျင်းပပြုလုပ်သည့် အခမ်းအနားတစ်ရပ်တွင် ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ သံချပ်ကာယာဉ်များကို ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် အီရန်ကာကွယ်ရေးဝန်ကြီးဌာနတွင် ဒီဇိုင်းရေးဆွဲပြီး ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အီရန်အစိုးရသည် Aras-2 ဟု အမည်ပေးထားသော ပြည်တွင်းဖြစ် စစ်ဘက်သုံးသံချပ်ကာယာဉ်ကို ဩဂုတ် ၁၃ ရက်က ကျင်းပပြုလုပ်သည့် အခမ်းအနားတစ်ရပ်၌ အီရန်ကာကွယ်ရေးဝန်ကြီး အာမီဟာတာမီရှေ့မှောက်တွင် အီရန်တပ်မတော်လက်ဝယ်သို့ တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အီရန်၏ မဟာဗျူဟာမြောက် သံချပ်ကာယာဉ်သည် ကြမ်းတမ်းသော မြေပြင်အနေအထားတွင် ရွေ့လျားနိုင်မှု စွမ်းရည်မြင့်မားသလို အမျိုးမျိုးသော စစ်မြေပြင်များတွင် စစ်လက်နက်ကြီးများကိုလည်း တင်ဆောင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ထို့အပြင် အီရန်အစိုးရသည် Ra’ad ဟု အမည်ပေးထားသော တပ်ဖွဲ့ဝင်တင်ဆောင်သည့် အဆင့်မြင့် သံချပ်ကာယာဉ်တစ်စင်းကိုလည်း ဖော်ထုတ်ပြသခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**



## ဖားကန့်မြို့နယ်၌ ငွေကျပ်သိန်း ၆၉၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ




**နေပြည်တော် ဩဂုတ် ၁၃**
မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာနေ ဘောက်နော်၏နေအိမ်ကို ရှာဖွေရာ ငွေကျပ်သိန်း ၆၉၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဘောက်နော်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



## ဝမ်းတွင်းမြို့နယ်၌ ၂၂ ဘီးတွဲယာဉ်တိမ်းမှောက်၊ တစ်ဦး သေဆုံး

**ဝမ်းတွင်း ဩဂုတ် ၁၃**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကိုင်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၇၉/၅) နှင့် (၃၇၉/၆)အကြား၌ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က မြန်မာဘီယာစည်များ တင်ဆောင်လာသော ၂၂ ဘီးတွဲယာဉ်မှာ လမ်းဘေးသို့ တိမ်းမှောက်ပြီး ယာဉ်ပေါ်ပါလာသူ အမျိုးသားတစ်ဦး အခင်းဖြစ်သည့်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝမ်းတွင်းမြို့နယ် ကိုင်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၇၉/၅) နှင့်(၃၇၉/၆) အကြား ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း အောင်ကိုထိုက် အင်းစိန်မြို့နယ်နေသူ မောင်းနှင်လာသည့် ၂၂ ဘီးယာဉ်သည် ကိုင်းကျေးရွာအနီးသို့အရောက်တွင် အရှိန်လွန်၍ လမ်း၏ဝဲဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါလာသူ ဝေယံထွန်းတွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေတောင်ရဲစခန်းက အောင်ကိုထိုက်အား အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဒွေးလှိုင်(ဝမ်းတွင်း)**

## လားရှိုး၌ ယာဉ်တစ်စီး ဓာတ်တိုင်ဝင်တိုက်

**လားရှိုး ဩဂုတ် ၁၃**
လားရှိုးမြို့ ရပ်ကွက်(၈) ပြည်ထောင်စုလမ်းမကြီး ဝိပဿနာဓမ္မရိပ်သာအဝင်လမ်းထိပ်၌ ဩဂုတ် ၁၃ ရက် နံနက် ၄ နာရီခွဲခန့်တွင် CROWN ယာဉ်တစ်စီး ဓာတ်တိုင်အား ဝင်တိုက်မိပြီး မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့(လားရှိုး)မှ ဒုဦးစီးမှူး ကိုကိုနိုင် ဦးစီးသည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊ အမှတ်(၁၂၁)ယာဉ်ထိန်းတပ်ဖွဲ့စု ရဲအုပ်ရာဇာ အဖွဲ့တို့နှင့် ပူးပေါင်းကာ မီးငြိမ်းသတ်၍ ယာဉ်အတွင်း ပိတ်မိနေသူအား ဆွဲထုတ်ကာ လားရှိုးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်သို့ ပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်မှာ ကားကိုအရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်းကိုကျော်၍ ဓာတ်တိုင်ကိုဝင်တိုက်မိရာမှ ဘက်ထရီပေါ်သို့ ဓာတ်ဆီကျ မီးလောင်ခဲ့ခြင်းဖြစ်သည်။ ယာဉ်မောင်း အောင်ကျော်ဦး လားရှိုးမြို့ ရပ်ကွက်(၇)နေသူမှာ သတိမေ့၊ ဘယ်ခြေသလုံးမီးလောင်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိကာ လားရှိုးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

## လောင်းလုံးမြို့နယ် ညင်းမော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် အဆိပ်သင့်မှုဖြစ်

**ထားဝယ် ဩဂုတ် ၁၃**
တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညင်းမော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ယနေ့နံနက် ၉ နာရီက ကျောင်းသား ကျောင်းသူများအား အားဆေးတိုက်ကျွေးရာမှ အဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းသား ကျောင်းသူ ၃၀၀ အား အားဆေးတိုက်ကျွေးရာမှ ကျောင်းသား ကျောင်းသူ ၁၁၁ ဦးသည် ခေါင်းမူး၊ ဗိုက်အောင့်၊ အန်ခြင်းများ ဖြစ်ပေါ်ပြီး အဆိပ်သင့်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အဆိပ်သင့်မှုဖြစ်ပွားခဲ့သော ကျောင်းသား ကျောင်းသူများအား ဇမ္ဗူသီရိ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က လောင်းလုံးပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**



တောင်သာမြို့မရဲစခန်းမှူး ဒုရဲမှူး ရန်အေး ဩဂုတ် ၁၀ ရက်က အထက မင်းစုရှိ ကျောင်းသား ကျောင်းသူများအား မှုခင်းအသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးအသိပညာပေးခြင်း၊ သက်ငယ်မုဒိမ်းမှု အသိပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်စဉ်။ **ကိုရဲ**

## ခိုးမှုဖြင့် တိမ်းရှောင်နေသူအား ဖမ်းဆီးရာမှ ဓားဖြင့်ပြန်လည်ရန်ပြုသဖြင့် ပစ်ခတ်ဖမ်းဆီး

**မိတ္ထီလာ ဩဂုတ် ၁၃**
မိတ္ထီလာမြို့ အမှတ်(၂)နယ်မြေရဲစခန်းမှ အမှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူအား ဖမ်းဆီးရာမှ ဓားဖြင့်ပြန်လည်ခုခံသဖြင့် သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်က မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက အားကစားကွင်းမြောက်ဘက်ချုံအတွင်း အမှုမှထွက်ပြေးတိမ်းရှောင်နေသူ မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်နေ ထင်လင်းအောင်(ခ) အငယ်ကောင်နှင့် အမျိုးသားနှစ်ဦးအား ဆိုင်ကယ်တစ်စီးဖြင့် တွေ့ရှိ၍ ဝိုင်းဝန်းဖမ်းဆီးရာ ထင်လင်းအောင်(ခ)အငယ်ကောင်က ရဲအုပ် ဇော်လတ်မျိုးအား ဓားဖြင့်ခုတ်ရန် ပြေးဝင်လာသဖြင့် သေနတ်ဖြင့် တစ်ချက်ပစ်ခတ်စဉ် ထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးရာ ညီညီအောင်(ခ)စည်သူမင်း ရန်မျိုးအောင်ရပ်ကွက် မိတ္ထီလာမြို့နေသူအား ကန္တာရချုံတောအတွင်းမှ လည်းကောင်း၊ ထင်လင်းအောင်(ခ)အငယ်ကောင်အား နေအိမ်၌ ဝဲဘက်ချိုင်းအောက်ဒဏ်ရာဖြင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**




## မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြား ၁၈၅၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၃**
လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ယနေ့နံနက်ပိုင်းက စိတ်ကြွဆေးပြား ၁၈၅၀၀ သိမ်းဆည်းရရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နံနက် ၁ နာရီခန့်တွင် ရေယာဉ်နှစ်စင်းဖြင့် မောင်တောမြို့နယ် ဦးစောလှကျွန်းတောင်ဘက်ထိပ်အနီး၌ နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပလတ်စတစ်ပုံးဖြင့် ကူးခတ်နေသည့် အမျိုးသားတစ်ဦးအား တွေ့ရှိ၍ လိုက်လံဖမ်းဆီးရာ မိုးရွာခြင်း၊ နှစ်နိုင်ငံ နယ်နိမိတ်နီးကပ်နေခြင်းနှင့် ညအမှောင်ထုကို ရောက်ရှိနေခြင်းတို့ကြောင့် ဖမ်းဆီးရမိခြင်းမရှိခဲ့ဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အဆိုပါနေရာအနီးတွင် ကျောပိုးအိတ်တစ်လုံးကို တွေ့ရှိရသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ WY စာတန်းပါစိတ်ကြွဆေးပြား ၁၈၅၀၀ (တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် တန်ဖိုးငွေကျပ်သိန်း ၃၇၀) အား သိမ်းဆည်းရမိခဲ့၍ ငါးခူရနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဟိုပင်ဘူတာနှင့် နန်းခွင်ဘူတာအကြား ကုန်ရထားတစ်စင်း လမ်းချော်မှုဖြစ်

**မိုးညှင်း ဩဂုတ် ၁၃**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်ဘူတာနှင့် မိုးကောင်းမြို့နယ် နန်းခွင်ဘူတာအကြား၌ ဩဂုတ် ၁၃ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ကုန်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့သဖြင့် အမှတ်(၅၅) အဆန်အထူးအမြန်ရထားမှာ ဟိုပင်ဘူတာတွင် ခေတ္တရပ်နားထားခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့ မြို့ဟောင်းဘူတာမှ မြစ်ကြီးနားမြို့သို့ စက်ခေါင်းမောင်း ဦးရဲထွန်း မောင်းနှင်လာသော စက်ခေါင်းအမှတ် DF-1376 သည် မိုးညှင်းမြို့နယ် ဟိုပင်ဘူတာနှင့် မိုးကောင်းမြို့နယ် နန်းခွင်ဘူတာအကြား မိုင်တိုင်အမှတ်(၆၅၄/၁၄)နှင့်(၆၅၄/၁၅) အကြားအရောက်တွင် စက်ခေါင်းတွဲ၏နောက် ကိုးတွဲမြောက်ဖြစ်သော GBHAH 40823 ၏ ဘီးအမှတ်(၃ နှင့် ၅)မှာ သံလမ်းအတွင်း တစ်ပေခန့်ချော်ကျကာ ဘီးအမှတ်(၆)သည် သံလမ်းအပြင်ဘက် တစ်ပေခန့်ချော်ကျခဲ့သည်။

အဆိုပါလမ်းချော်ရာသို့ မိုးညှင်းမြို့ မြန်မာ့မီးရထားမှ အထူးရထားစက်ခေါင်း အမှတ် DD-1216 ဖြင့် တိုင်းစက်မှုအင်ဂျင်နီယာ ဦးသက်လွင်နှင့် လမ်းလုပ်သား ၂၅ ဦးတို့က မီးရထားစီးခရီးသည်များ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရထားလမ်းချော်မှုကြောင့် မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာလာသော အမှတ်(၅၅)အဆန်အထူးအမြန်ရထားသည် ဟိုပင်ဘူတာ၌ ရပ်နားထားခဲ့ရပြီး ရထားတွဲချော်မှုကြောင့် စက်ခေါင်းမောင်း၊ ရထားဝန်ထမ်းများနှင့် ရထားပေါ်လိုက်ပါသူများမှာ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

**နီတိုး**

# ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့်**
**ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်း**
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)
၁၃၈၁ ခုနှစ်၊ လ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **ပြည်ထောင်စုအစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ရေနံ (Petroleum)** ဆိုသည်မှာ ဟိုက်ဒြိုကာဗွန်အရောအနှော ဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ (Fossil Fuel) များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံစိမ်း (Crude Oil)၊ လေဆီ (Condensate) နှင့် သဘာဝဓာတ်ငွေ့ (Natural Gas) တို့ ပါဝင်သည်။

(ဃ) **ရေနံစိမ်း (Crude Oil)** ဆိုသည်မှာ မြေအောက်မှရရှိသော သဘာဝအလျောက် ဖြစ်တည်လာသည့် ရေနံအရည် သို့မဟုတ် အခဲကိုသော်လည်းကောင်း၊ ယေဘုယျကျောက်မှထွက်ရှိသော အရည်ကိုသော်လည်းကောင်း၊ ဟိုက်ဒရိုဂျင်နှင့်ကာဗွန်ဒြပ်စင်များ အဓိကပေါင်းစပ်ပါဝင်သည့် ဒြပ်ပေါင်းရည်ကိုသော်လည်းကောင်း၊ သဘာဝဓာတ်ငွေ့ဒြပ်ပေါင်းစုမှ အပူချိန်နှင့် ဖိအား အပြောင်းအလဲကြောင့် ဖြစ်တည်လာသည့် လေဆီ (Condensate)ကိုသော်လည်းကောင်း ဆိုသည်။

(င) **သဘာဝဓာတ်ငွေ့(Natural Gas)** ဆိုသည်မှာ ရေနံတွင်းမှထုတ်ယူရရှိသော ဟိုက်ဒရိုဂျင်နှင့် ကာဗွန်ဒြပ်စင်များ ပေါင်းစပ်ပါဝင်နေသည့် အငွေ့အခြေအနေရှိသည့် ဒြပ်ပေါင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံနှင့် အခြားဒြပ်ပေါင်းများ ပါဝင်နေသော ဓာတ်ငွေ့စို၊ ယေဘုယျကျောက်မှထွက်ရှိသော အငွေ့ကိုသော်လည်းကောင်း၊ အခြားဒြပ်ပေါင်းများ သဘာဝအလျောက် သို့မဟုတ် ပြုပြင်ဖယ်ရှားသဖြင့် ဖြစ်လာသည့် ဓာတ်ငွေ့ခြောက်၊ ဓာတ်ငွေ့တွင်းထိပ်မှထွက်သော ဓာတ်ငွေ့နှင့် ဓာတ်ငွေ့စိုမှ ခွဲခြားထုတ်ယူ၍ ကြွင်းကျန်ရစ်သော ကြွင်းကျန်ဓာတ်ငွေ့တို့လည်း ပါဝင်သည်။

(စ) **ရေနံလုပ်ငန်း(Petroleum Activity)** ဆိုသည်မှာ နိုင်ငံတော်၏ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ဆောင်ရွက်သည့် ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်း သို့မဟုတ် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံလုပ်ငန်းနှင့်ဆက်စပ်သော စီမံကိန်းရေးဆွဲခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ အင်ဂျင်နီယာလုပ်ငန်းများ၊ တည်ဆောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊ ဝယ်ယူခြင်းလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စနစ်တကျ ဖျက်သိမ်းခြင်းလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရေနံလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဆ) **ရေနံစူးစမ်းရှာဖွေခြင်း** ဆိုသည်မှာ ရေနံခိုအောင်းမှု အလားအလာကောင်းမွန်သည့် ကျောက်လွှာအနေအထား ရှိ မရှိနှင့် ရေနံခိုအောင်းမှုကို စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်း ရှိ မရှိ တို့ကို ဘူမိဗေဒ၊ ဘူမိရူပဗေဒ၊ ဘူမိဓာတုဗေဒနည်းပညာ သို့မဟုတ် အခြားခေတ်မီတိုးတက်သော နည်းပညာတို့ဖြင့် စူးစမ်းရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ရှာဖွေရေးတွင်းတူးခြင်းနှင့် အကဲဖြတ်တွင်းတူးခြင်းတို့ မပါဝင်။

(ဇ) **ရေနံတူးဖော်စမ်းသပ်ခြင်း** ဆိုသည်မှာ ရေနံစူးစမ်းရှာဖွေခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ရေနံခိုအောင်းမှုအလားအလာရှိပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် အထောက်အထားများ တွေ့ရှိသည့်အခါ ရေနံထုတ်ယူရန်အလို့ငှာ ကုန်းတွင်းတွင်ဖြစ်စေ၊ ကမ်းလွန်ရေတိမ်ပိုင်း သို့မဟုတ် ကမ်းလွန်ရေနက်ပိုင်းတွင်ဖြစ်စေ မြေအောက်ကျောက်လွှာကို တွင်းတူးဖော်မှုနည်းပညာတစ်ရပ်ရပ်ဖြင့် တူးဖော်ခြင်း၊ စမ်းသပ်ခြင်း၊ အကဲဖြတ်ခြင်းတို့ကိုဆိုသည်။

(ဈ) **ရေနံထုတ်လုပ်ခြင်း** ဆိုသည်မှာ ရေနံတူးဖော်၊ စမ်းသပ်ခြင်းမှ ထွက်ရှိလာသည့် ရေနံကို စီးပွားဖြစ်ထုတ်ယူရန် ဖွံ့ဖြိုးရေး အစီအမံများချမှတ်၍ လူ့စွမ်းအား၊ စက်စွမ်းအား၊ နည်းပညာ အကူအညီများဖြင့် ထုတ်လုပ်ခြင်းကို ဆိုသည်။

(ည) **ခွင့်ပြုမိန့်** ဆိုသည်မှာ ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အတွက်လည်းကောင်း၊ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အတွက်လည်းကောင်း ဤဥပဒေအရ ဝန်ကြီးဌာနက ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဋ) **ရေနံလုပ်ကွက် (Block)** ဆိုသည်မှာ နိုင်ငံတော်၏ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ရေနံလုပ်ငန်းလုပ်ကိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်အရ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လုပ်ကွက် နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်၍ အမိန့်ကြော်ငြာစာထုတ်ပြန်ထားသော နယ်ပယ်အကျယ်အဝန်းကို ဆိုသည်။

(ဌ) **ကမ်းလွန်ဒေသ (Offshore)** ဆိုသည်မှာ မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေတွင် ဖော်ပြထားသည့် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းတို့ကို ဆိုသည်။

(ဍ) **ကုန်းတွင်းပိုင်းဒေသ(Onshore)** ဆိုသည်မှာ နိုင်ငံတော်၏ ကုန်းတွင်းပိုင်းရှိ မြစ်၊ ချောင်း၊ အင်းအိုင်၊ မြေပြင်၊ တောတောင် စသည်တို့အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းတွင်းပိုင်း နယ်နိမိတ် ပိုင်းခြားသတ်မှတ်ထားသော နေရာဒေသအထိကို ဆိုသည်။

(ဎ) **ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း** ဆိုရာတွင် အောက်ပါတို့ ပါဝင်သည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသည့် သို့မဟုတ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီ၊ ပြည်ပကော်ပိုရေးရှင်း၊

(၂) အစုစပ်လုပ်ငန်းအက်ဥပဒေအရ ဖွဲ့စည်းသည့် အစုစပ်အသင်း၊

(၃) သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းသည့် သမဝါယမအသင်း။

(ဏ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ရေနံလုပ်ငန်း ကြီးကြပ်ရေးဗဟိုကော်မတီကို ဆိုသည်။

(တ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(ထ) **ဦးစီးဌာန** ဆိုသည်မှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာနကို ဆိုသည်။

(ဒ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဓ) **မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း** ဆိုသည်မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင်ရှိသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွင်း ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သောလုပ်ငန်းဌာနကို ဆိုသည်။

(န) **ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိသူကို ဆိုသည်။

(ပ) **ရေနံလုပ်ငန်းဆောင်ရွက်သူ(Operator)** ဆိုသည်မှာ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ယင်း၏ကိုယ်စား ဦးစီးဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ပိုင်ခွင့်ပေးအပ်ခြင်းခံရသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေနံသယံဇာတသဘာဝအရင်းအမြစ်များအား ကောင်းမွန်သော စီမံခန့်ခွဲမှုမြှင့်တင်ခြင်းဖြင့် ရေနံလုပ်ငန်းများကို အမျိုးသားအကျိုးစီးပွားအတွက် ရေးရှုဆောင်ရွက်ရန်၊

(ခ) စွမ်းအင်ဆိုင်ရာမူဝါဒများနှင့်အညီ နိုင်ငံတော်၏ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကို စနစ်တကျပြုလုပ်ရန်၊

(ဂ) ရေနံသယံဇာတကို ပြည်တွင်း၌ ဖူလုံစွာသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိစေရန်၊

(ဃ) ရေနံလုပ်ငန်းဖြင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(င) ရေနံလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံသားများ၏ ရေနံလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်ကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်ပေးရန်၊

(ဆ) ရေနံလုပ်ငန်းများတွင် မြန်မာနိုင်ငံသားကုမ္ပဏီများ ပိုမိုထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်။

**အခန်း (၃)**
**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၃) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၆) | သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၇) | စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၈) | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၉) | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၁) | ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေနံလုပ်ငန်းဆိုင်ရာ မူဝါဒများ ချမှတ်ပေးခြင်း၊

(ခ) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ရေနံလုပ်ကွက်သတ်မှတ်ရေးနှင့် ရေနံလုပ်ကွက် လုပ်ကိုင်ခွင့် လျှောက်ထားမှုများ စိစစ်ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်မှုပြုခြင်း၊

(ဃ) ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် အရည်အချင်းပြည့်မီသော ကုမ္ပဏီနှင့် အဖွဲ့အစည်းများအား တင်ဒါစနစ်ဖြင့်ခေါ်ယူ၍ လျှောက်ထားလာမှုများအပေါ် ပွင့်လင်းမြင်သာစွာ ရွေးချယ်စေရေးအတွက် လမ်းညွှန်မှုပြုခြင်း၊

(င) ရေနံလုပ်ကွက်များတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပူးပေါင်းလုပ်ကိုင်ရန် တင်ဒါအောင်မြင်သည့် ပြည်တွင်း ပြည်ပကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ရေနံလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်နိုင်ရေးအတွက် သဘောတူညီချက်ပေးခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

# Drone အသုံးပြု၍ ဆေးဖျန်းနေမှု ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကြည့်ရှု

**ဒီးမော့ဆို ဩဂုတ် ၁၃**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ဒေသခံတောင်သူများ လယ်ယာသုံးစက်ကိရိယာများ စနစ်တကျမောင်းနှင်တတ်စေရန်အတွက် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်း (၁/၂၀၁၉) ဖွင့်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့နယ် အမှတ်(၈၆) စက်မှုလယ်ယာစခန်းခွဲ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပြီး တောင်သူများ လက်ဝယ်တွင်ရှိသော လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ အသုံးချနိုင်အောင် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးရဲမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စက်မှုလယ်ယာလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက သင်တန်းသားများအတွက် သင်ထောက်ကူသင်ရိုးမှတ်စုစာအုပ်များကို သင်တန်းသားတစ်ဦးထံ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာများ၊ အသုံးပြုမှုအခြေအနေများကို ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးဦးရဲမြင့်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စက်မှုလယ်ယာစခန်းခွဲအတွင်းစိုက်ပျိုးရေးဦးစီးဌာနမှ Drone အသုံးပြု၍ ဆေးဖျန်းခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုပြီး တောင်သူများ လိုအပ်ပါက ငှားရမ်းအသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**





# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကျုံဒိုးမြို့ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာထောက်ပံ့

**ဘားအံ ဩဂုတ် ၁၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်များသို့ ရေများဝင်ရောက် နစ်မြုပ်ခဲ့သဖြင့် ဩဂုတ်လပထမပတ်မှစတင်ပြီး ယာယီရေဘေးစခန်းတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီး၊ တာဝန်ရှိသူများသည် ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီခွဲက ရေဘေးစခန်းဖွင့်လှစ်ထားသည့် အထက တွင် ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး စားနပ်ရိက္ခာများ ထောက်ပံ့ ပေးအပ်သည်။

ကျုံဒိုးမြို့တွင် အမှတ် (၁၊ ၂၊ ၃၊ ၄) ရပ်ကွက်များ ရေကြီးနစ်မြုပ်ခဲ့ရာ အထက်တန်းကျောင်း ယာယီရေဘေးစခန်းတွင် အိမ်ထောင်စု ၃၁၇ စုအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ အိမ်ထောင်စုတစ်စုလျှင် ဆန်ငါးပြည်၊ ဆီနှင့် ငါးသေတ္တာဘူးများကိုလည်းကောင်း၊ တစ်ဦးချင်းစီအတွက် ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ကြက်ဥနှင့် အလှူရှင်များက လှူဒါန်းသော အသင့်စားခေါက်ဆွဲခြောက်ထုပ်များ၊ မုန့်နှင့် ပဲနို့များကိုလည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# MSME Agency Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

ဗဟိုအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) အေဂျင်စီနှင့် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီတို့ ပူးပေါင်း၍ နေပြည်တော် MSME Agency Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌဒေါက်တာ မျိုးအောင်က ပြည်ထောင်စုနယ်မြေ အတွင်းရှိ ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် Mass Production နည်းနေသေးပြီး စိုက်ပျိုးရေးလုပ်ငန်းများသာ အများအပြား ရှိပါကြောင်း၊ ဈေးကွက်ရရှိနိုင်မှု အလားအလာကောင်းများရှိသည့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ပေးနိုင်ခြင်း၊ နည်းပညာရရှိမှု ပံ့ပိုးကူညီပေးနိုင်ခြင်းနှင့် ငွေကြေးထောက်ပံ့မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် SME ကဏ္ဍကို တိုးတက်စေမည့် အထိရောက်ဆုံး နည်းလမ်းများအား ရှာဖွေနိုင်ရေးအတွက် နေပြည်တော် MSME Agency အဖွဲ့ဝင်များအားလုံးပူးပေါင်း ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ MSME Agency ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဗဟိုအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့ ပူးပေါင်းကာ MSME Agency Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် နေပြည်တော်အတွင်းရှိအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းကာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲနိုင်ရန် ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်အထိ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။**စိုးမိုး(ပြန်/ဆက်)**



# မန္တလေးမြို့၌ ရေသန့်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ရေသန့်လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ကျန်းမာရေးနှင့်ညီညွတ်သည့် ကောင်းမွန်သော ရေသန့်ထုတ်လုပ်မှု လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲနှင့် ရေသန့်လုပ်ငန်းသုံးပစ္စည်းများဆိုင်ရာပြပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ နှင့် ၇၈ လမ်းထောင့်ရှိ Hotel Marvel ပင်းယခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ရေသန့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနီနီအေးက ကျန်းမာရေးနှင့်ညီညွတ်ပြီး FDA ထောက်ခံချက်ပါ ကောင်းမွန်သောလုပ်ငန်းစဉ်များဖြင့် ထုတ်လုပ်သော ရေသန့်လုပ်ငန်းများ ဖြစ်ပေါ်လာရေးကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူက ရေသန့်လုပ်ငန်းရှင်များလိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ ရေသန့်ထုတ်လုပ်မှုပညာရှင် ဦးမြတ်ထူးက ကောင်းမွန်သောနည်းစနစ်များဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး နိုင်ငံတကာအဆင့်မီရေသန့်များ ထုတ်လုပ်နိုင်ရေးတို့ကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသည့် ရေသန့်လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ရေသန့်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများနှင့် ထုတ်လုပ်မှုနည်းစနစ်များ ပြပွဲကိုကျင်းပရာ တက်ရောက်လာသည့် ရေသန့်လုပ်ငန်းရှင်များက ကြည့်ရှုလေ့လာကြသည်။ **မောင်ပြည်သူ(မန္တလေး)**

# စားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိရေး မြိတ်မြို့၌ ညှိနှိုင်းဆွေးနွေး

**မြိတ် ဩဂုတ် ၁၃**
သဘာဝဘေးအန္တရာယ်ကြောင့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ပြည်ထောင်စုလမ်းမကြီး နေရာအချို့တွင် ရေကြီးရေလျှံမှုများ၊ တောင်ပြိုမှုများ ဖြစ်ပွားလျက်ရှိရာ ကုန်စည်စီးဆင်းမှု လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် မြိတ်မြို့၌ ကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိရေးအတွက် ဩဂုတ် ၁၂ ရက်က စည်ပင်သာယာရေးကော်မတီနှင့် တာဝန်ရှိသူများက စားသောက်ကုန်များ ရောင်းချနေသည် ဆိုင်များ၊ ဈေးများသို့ ကွင်းဆင်း၍ ညှိနှိုင်းဆွေးနွေး မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

"ပြည်သူတွေဒုက္ခရောက်နေတဲ့နေရာမှာ ကုန်သည်တွေကလည်း အားလုံးဝိုင်းဝန်းပြီး နိုင်ငံသားအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အကျိုးအမြတ်တစ်ခုတည်းမကြည့်ဘဲ အားလုံးဝိုင်းပြီးကူညီပေးတဲ့အနေနဲ့ လုပ်ဆောင်ပေးစေချင်ပါတယ်" ဟု စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုက ပြောသည်။



စားသောက်ကုန်များ ရောင်းချလျက်ရှိသော ဈေးကြီးများ၊ ကြက်ဥလက်လီလက်ကားရောင်းချနေသော ထူးထူးတိုး ဥစားကြက်မွေးမြူရေးခြံ၊ ဆန်အရောင်းဆိုင်များ၊ ကုန်စိမ်းလက်လီလက်ကား အရောင်းဆိုင်များ၊ ကုန်ခြောက်လက်လီ လက်ကား အရောင်းဆိုင်များအား စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုနှင့် တာဝန်ရှိသူများက လက်ရှိရောင်းချနေသော ကုန်ဈေးနှုန်းများ တည်တည်ငြိမ်ငြိမ်ဖြစ်ရေး၊ ဈေးကစားမှုမရှိစေရေး ဆိုင်ပိုင်ရှင်များနှင့် ဆွေးနွေးညှိနှိုင်းမေတ္တာရပ်ခံခဲ့ကြသည်။

"အရောင်းအဝယ်အနေနဲ့ အဆင်ပြေသလိုပဲ ရောင်းနေပါတယ်။ အများကြီးတင်မရောင်းပါဘူး" ဟု ဆိပ်ငယ်ဈေးတွင်ကုန်စိမ်းရောင်းနေသူ ဒေါ်စန်းဝင်းက ပြောသည်။

မြိတ်မြို့တွင် ဆန်တင်ပို့ရောင်းချမှုအနေဖြင့် ဧရာဝတီတိုင်းက ရေလမ်းခရီးဖြင့် တိုက်ရိုက်လာသည့်အတွက်အခက်အခဲမရှိကြောင်း၊ ဆန်များရှိနေ၍ ဈေးမတက်နိုင်ကြောင်း ဆန်ဆိုင်မှ ဒေါ်စိုးစိုးက ပြောကြားသည်။

မြိတ်မြို့သည် တနင်္သာရီမြို့နှင့် ကျွန်းစုမြို့သို့ ကုန်စည်များ ဖြန့်ဖြူးပေးနေသည့် မြို့ဖြစ်သည့်အတွက် မြိတ်မြို့တွင် ဈေးတက်ပါကကျန်သည့် မြို့နယ်များပါ ဈေးတက်သွားနိုင်ကြောင်း စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**ခိုင်ထူး (မြန်/ဆက်)**

# မကွေးမြို့နယ်တွင် အိမ်သာကျင်းတူးရာမှ ONE RUPEE INDIA ဒင်္ဂါး ၉၄၉ ပြားတွေ့ရှိ

**မကွေး ဩဂုတ် ၁၃**
မကွေးမြို့နယ် နံကပ်ကျွန်းကျေးရွာအုပ်စု သရက်ပင်ကွက်ကျေးရွာနေ ဦးစန်းဝင်း၊ ဒေါ်ဝါဝါဝင်းတို့၏ နေအိမ်တွင် အိမ်သာကျင်းတူးရာမှ ONE RUPEE INDIA ဒင်္ဂါး ၉၄၉ ပြားကို (၁၂ လက်မ× ၉ ဒသမ ၅ လက်မ× ၅ လက်မ) သံသေတ္တာဟောင်းဖြင့်ထည့်လျက် မြေအောက်ခြောက်ပေခန့်အနက်၌ ဩဂုတ် ၈ ရက် နံနက်ပိုင်းက တွေ့ရှိခဲ့သည်။

ဒင်္ဂါးပြားများမှာ ၁၈၈၄ ခုနှစ်ပါ ဒင်္ဂါးပြား တစ်ပြား၊ ၁၉၀၃ ခုနှစ်ပါ ဒင်္ဂါးပြား ၁၉ ပြား၊ ၁၉၀၄ ခုနှစ်ပါ ဒင်္ဂါးပြား ၄၀ ပြား၊ ၁၉၀၅ ခုနှစ်ပါ ဒင်္ဂါးပြား ၃၅ ပြား၊ ၁၉၀၆ ခုနှစ်ပါ ဒင်္ဂါးပြား ၈၁ ပြား၊ ၁၉၀၇ ခုနှစ်ပါ ဒင်္ဂါးပြား ၇၁ ပြား၊ ၁၉၀၈ ခုနှစ်ပါ ဒင်္ဂါးပြား ၁၃ ပြား၊ ၁၉၀၉ ခုနှစ်ပါ ဒင်္ဂါးပြား ခြောက်ပြား၊ ၁၉၁၀ ခုနှစ်ပါ ဒင်္ဂါးပြား ခြောက်ပြား၊ ၁၉၁၁ ခုနှစ်ပါ ဒင်္ဂါးပြား ခြောက်ပြား၊ ၁၉၁၂ ခုနှစ်ပါ ဒင်္ဂါးပြား ၇၉ ပြား၊ ၁၉၁၃ ခုနှစ်ပါ ဒင်္ဂါးပြား ၁၀၂ ပြား၊ ၁၉၁၄ ခုနှစ်ပါ ဒင်္ဂါးပြား ၁၀ ပြား၊ ၁၉၁၅ ခုနှစ်ပါ ဒင်္ဂါးပြား ငါးပြား၊ ၁၉၁၆ ခုနှစ်ပါ ဒင်္ဂါးပြား ၅၉ ပြား၊ ၁၉၁၇ ခုနှစ်ပါ ဒင်္ဂါးပြား ၁၁၁ ပြား၊ ၁၉၁၈ ခုနှစ်ပါ ဒင်္ဂါးပြား ၁၅၇ ပြား၊ ၁၉၁၉ ခုနှစ်ပါ ဒင်္ဂါးပြား ၁၀၇ ပြား၊ ၁၉၂၀ ခုနှစ်ပါ ဒင်္ဂါးပြား ၂၀ နှင့် ခုနှစ်မသဲကွဲ ရောရာအပြား ၂၀ စုစုပေါင်း ဒင်္ဂါးပြား ၉၄၉ ပြား ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒင်္ဂါးပြားများတွေ့ရှိမှုကို သရက်ပင်ကွက်ကျေးရွာနေ ဦးစန်းဝင်းနှင့် နံကပ်ကျွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့၏ သတင်းပေးပို့မှုအရ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနသို့ လိုအပ်သလိုဆောင်ရွက်ပေးနိုင်ပါရန် သတင်းပေးပို့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**



# စစ်ကိုင်းမြို့တွင် ပထမအကြိမ် ကျောက်မျက်ရတနာအရောင်းပြပွဲ ကျင်းပမည်

**စစ်ကိုင်း ဩဂုတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ပထမအကြိမ် ကျောက်မျက်ရတနာ အရောင်းပြပွဲကြီး ကျင်းပသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (စစ်ကိုင်း) မှ သိရသည်။

အဆိုပါ ကျောက်မျက်ရတနာ အရောင်းပြပွဲကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ငါးရက်တိုင်တိုင် စစ်ကိုင်းခရိုင်ချင်းဆက်လမ်းရှိ ထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်းဝင်းအတွင်း ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)မှ ဥက္ကဋ္ဌ ဦးအောင်ကြီးက ပြောသည်။

"စစ်ကိုင်းမှာ မြန်မာငွေနဲ့ရောင်းချတဲ့ ကျောက်စိမ်းပြပွဲလုပ်မှာပါ၊ စစ်ကိုင်းမြို့နယ်က ကျောက်စိမ်းလုပ်ငန်းရှင်တွေဟာ မန္တလေးမြို့ နေပြည်တော် ဖားကန့်မှာ သွားရောက်ဝယ်ရတယ်၊ ဒီလိုဝယ်ရတဲ့အတွက် ကုန်ကျစရိတ်တွေ၊ အချိန်တွေများစွာ ပေးရတယ်။ စစ်ကိုင်းမှာ ဝယ်ယူနိုင်တဲ့အတွက် အချိန်ကုန် ငွေကုန်သက်သာမယ်၊ ကျောက်စိမ်းအတွဲ လော့တစ်ထောင်ကျော်လောက်ကို ရွေးချယ်ပြီး ဝယ်ယူပိုင်ခွင့်ရရှိမှာပါ" ဟု ၎င်းက ပြောသည်။

စစ်ကိုင်းမြို့နယ်အတွင်း ကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်နေသူများ ကုန်ကြမ်းလွယ်ကူစွာရရှိစေရေး၊ တိုင်းဒေသကြီး အစိုးရရန်ပုံငွေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (စစ်ကိုင်း) မှ သိရသည်။ စစ်ကိုင်းမြို့တွင် ကျောက်မျက်ရတနာ အရောင်းပြပွဲကို ဒီဇင်ဘာလတွင် ဒုတိယအကြိမ် ကျင်းပသွားမည်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ် နှစ်စဉ်ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (စစ်ကိုင်း)မှ သိရသည်။

**ခိုင်ဇေယျ**

## တိုတိုထွာထွာဖတ်စရာ

### အားကစားအသိပညာပေးဟောပြော

ရန်ကုန်
မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားအသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြ၊ နည်းစနစ်မှူး ဦးမြတ်သူက အားကစားသိပ္ပံအခွင့်အလမ်းဆိုင်ရာများကို ဟောပြောခဲ့ပြီး ကျောင်းအတွက် အားကစားထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုဘုန်း(မြန်/ဆက်)**

### မြောင်းမြမြို့နယ်တွင် မှုခင်းကျဆင်းရေးအသိပညာပေး

**မြောင်းမြ**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပွတ်ခရိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ဇေယျာသီရိဓမ္မာရုံ၌ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

မြောင်းမြမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းဌေးက မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သောမှုခင်းများ၊ လူမှုကွန်ရက် Facebook နှင့်ဆက်နွယ်သော မှုခင်းများအကြောင်းနှင့် ရန်မနိုင်နယ်မြေ ရဲစခန်းမှူး ဒု-ရဲအုပ် မြတ်ကိုကိုက လူကုန်ကူးမှုနှင့်ပတ်သက်သောမှုခင်းများ၊ သက်ငယ်မုဒိမ်းမှုမဖြစ်ရေး ကာကွယ်ရမည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

### လမ်းမတော်မြို့နယ်တွင် မှုခင်းအသိပညာပေး

**ရန်ကုန်**
လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့ မြို့မစခန်းမှူး ဒု-ရဲမှူးညွန့်ဝင်းနှင့် နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်သက်ဇော်ဦးတို့သည် ဩဂုတ် ၁၁ ရက် ညနေ ၆ နာရီခွဲက လမ်းမတော်မြို့နယ် အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေ ပြည်သူများအား မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# ကမ်းပြိုကာကွယ်ရေး ဗာတီဗာမြက်နှင့် မအူပျိုးပင်များစိုက်ပျိုး

**ပွင့်ဖြူ ဩဂုတ် ၁၃**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း မုန်းချောင်းကမ်းပါးပြိုကျမှုအန္တရာယ်လျော့နည်းသက်သာစေရန်အတွက် ဗာတီဗာမြက်နှင့် မအူပျိုးပင်များ စုပေါင်းစိုက်ပျိုးခြင်းကို ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီက ပွင့်ဖြူမြို့နယ် ယောစုကျေးရွာ မုန်းချောင်းကမ်းပါးတစ်လျှောက်တွင် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းချောင်းကျေးရွာများသည် နှစ်စဉ် မိုးတွင်းကာလများတွင် ကမ်းပြိုမှုအန္တရာယ်များ ကျရောက်လေ့ရှိကြောင်းသိရ၍ ယခုနှစ်တွင် မြို့နယ်သစ်တောဦးစီးဌာနမှ မုန်းချောင်းအနီးကျေးရွာများဖြစ်သည့် ယောစုကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ပိန္နဲတောကျေးရွာ၊ သရက်အုပ်ကျေးရွာနှင့် သံဘိုကျေးရွာတို့တွင် မုန်းချောင်းကမ်းပါးပြိုကျမှုအန္တရာယ်ကင်းဝေးစေရန်အတွက် ကမ်းပြိုကာကွယ်ရေး ယူကလစ်ပင်နှင့် ဗာတီဗာမြက်မျိုးများကို ကျေးရွာနေပြည်သူများနှင့် ပူးပေါင်း၍ စိုက်ပျိုးထားကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပွင့်ဖြူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (PDO) မှ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့ဝင်များ၊ ယောစုကျေးရွာဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မုန်းချောင်းကမ်းပါးတစ်လျှောက် ကမ်းပြိုကာကွယ်ရေး ဗာတီဗာမြက် ၄၂၅ ပင်၊ မအူပျိုးပင် ၇၅ ပင် စုစုပေါင်း အပင် ၅၀၀ အား တပျော်တပါးစုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော်ထဲတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ဖြေကြားခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ကတိများ၊ တာဝန်ခံချက်များကို အဓိကစိစစ်ဆောင်ရွက်လျက်ရှိသော ကော်မတီတစ်ခုဖြစ်ပြီး အဆိုပါကော်မတီ၏ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-

# အစိုးရရဲ့ ပြည်ထောင်စုဝန်ကြီးတွေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေက လွှတ်တော်ထဲမှာ ကိုယ်စားလှယ်တွေရဲ့ မေးမြန်းချက်တွေထဲက ကတိဖြစ်တဲ့ အချက်တွေကို စိစစ်ပြီး တင်ပြရတဲ့ တာဝန်ရှိပါတယ်

ဒေါက်တာမေဝင်းမြင့်

## အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ (က)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ နည်းဥပဒေ ၉၆၊ ၉၇၊ ၁၀၀ အရ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကော်မတီသည် ပြည်သူ့လွှတ်တော်ထဲတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ဖြေကြားခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ကတိများ၊ တာဝန်ခံချက်များကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၉၆ နှင့်အညီ ဆောင်ရွက်ပြီးစီးမှုများကို အဓိကစိစစ်ဆောင်ရွက်လျက်ရှိသည်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။**

တွေ့ဆုံမေးမြန်း - နန္ဒာဝင်း

**ဒေါက်တာမေဝင်းမြင့်**
**ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ**

ကျွန်မတို့ ကော်မတီမှာ ပါတီ ငါးခုက ကိုယ်စားလှယ်တွေနဲ့ တပ်မတော်သားကိုယ်စားလှယ်တွေ အပါအဝင် အဖွဲ့ဝင် ၁၇ ဦး ပါဝင်ပါတယ်။ ကော်မတီဥက္ကဋ္ဌအနေနဲ့ လိုအပ်ရင် ကော်မတီအဖွဲ့ဝင်တွေကို အပြောင်းအလဲလုပ်လို့ ရပါတယ်။

ကျွန်မတို့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှာ တာဝန်လေးခု ရှိပါတယ်။ အစိုးရရဲ့ ပြည်ထောင်စုဝန်ကြီးတွေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေက လွှတ်တော်ထဲမှာ ကိုယ်စားလှယ်တွေရဲ့ မေးမြန်းချက်တွေထဲက ကတိဖြစ်တဲ့ အချက်တွေကို စိစစ်ပြီးတင်ပြရတဲ့ တာဝန်ရှိပါတယ်။ နောက်ပြီး ပေးထားတဲ့ကတိတွေကို ပြည်ထောင်စုအစိုးရအဖွဲ့တွေက လိုက်နာမှု ရှိ၊ မရှိကို စိစစ်ပြီး အစီရင်ခံစာ တင်ပြရတာဖြစ်ပါတယ်။ ပေးထားတဲ့ကတိကို လုပ်ဆောင်တာ ဘယ်အခြေအနေအထိ ရောက်သွားပြီလဲ၊ သတ်မှတ်ထားတဲ့ကာလမှာ ဆောင်ရွက်ပြီးစီးမှု အခြေအနေ ရှိ၊ မရှိကို အစီရင်ခံစာ ရေးရတာဖြစ်ပါတယ်။

### မျက်မြင်အခြေအနေသွားရောက်လေ့လာ

နောက်တစ်ချက်က လွှတ်တော်ကို အစီရင်ခံစာ တင်ပြီးရင် ဒေသတွေကို ကွင်းဆင်းစစ်ဆေးရပါတယ်။ ဒါကတော့ ကျွန်မတို့ မဖြစ်မနေလုပ်ဆောင်ရတာ ဖြစ်ပါတယ်။ ဒုတိယတာဝန်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဥပဒေ ၁၄ ခုကို စိစစ်ရပါတယ်။ ဒီဥပဒေတွေက ခေတ်နဲ့ လျော်ညီရဲ့လား၊ ပြုပြင်စရာရှိသလားဆိုတာတွေကို စိစစ်ရတဲ့ တာဝန်ရှိပါတယ်။ ပြီးတော့ ကျွန်မတို့ ကော်မတီအနေနဲ့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်တွေကို စိစစ်ရပါတယ်။ အဲဒီအခါမှာ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ခွင့်ပြုချက်နဲ့ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ အရပ်ဘက် စက်ရုံတွေကို သွားရောက်လေ့လာခဲ့ပါတယ်။ ဒါမှသာ ဘတ်ဂျက်စိစစ်ရာမှာ တကယ်လိုအပ်ချက်တွေကို မျက်မြင်အခြေအနေသိရအောင် သွားရောက်လေ့လာတာ ဖြစ်ပါတယ်။

### စုစုစည်းစည်း ညှိညှိနှိုင်းနှိုင်း

နောက်တစ်ခုက တပ်မြို့စည်ပင်ဘတ်ဂျက်ကို စိစစ်ရတာဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ တပ်မြို့စည်ပင်သာယာရေးကို စစ်ရပါတယ်။ တစ်နိုင်ငံလုံးဆိုရင် တပ်မြို့စည်ပင် ၁၁ ခုရှိပြီး အဲဒါတွေကို စစ်ဆေးရပါတယ်။ အဲဒီလိုစစ်ဆေးပြီး အစီရင်ခံစာ တင်ရာမှာ အဲဒီအစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်တွေက ဆွေးနွေးလို့ရပါတယ်။ ထင်မြင်ယူဆချက်တွေ၊ အကြံပေးချက်တွေ ပြောလို့ရပါတယ်။ ဒါပေမယ့် ကျွန်မတို့ အစီရင်ခံစာကို ပြင်ဆင်ခွင့် မရှိပါဘူး။

လွှတ်တော်ကို အစီရင်ခံစာ အချိန်မီတင်ရပါတယ်။ အဲဒီလိုမတင်နိုင်ရင် ကြားဖြတ်အစီရင်ခံစာအနေနဲ့ တင်လို့ရပါတယ်။ ကျွန်မတို့ ကော်မတီမှာ ပါတီစုံပါဝင်ပါတယ်။ ကိုယ်စားလှယ်တွေက စုစုစည်းစည်း ညှိညှိနှိုင်းနှိုင်းနဲ့ ဆောင်ရွက်ခဲ့ကြတဲ့အတွက် အခက်အခဲတွေ သိပ်မရှိဘဲ အောင်အောင်မြင်မြင်နဲ့ လုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။



ဒေါက်တာမေဝင်းမြင့်
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ



ဦးဇုံးတိန့်
ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး

> **“ရုံးအဖွဲ့နဲ့ ကော်မတီဝင်တွေ အစည်းအဝေးလုပ်ပြီး ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ၊ အဆိုနဲ့ပတ်သက်တာတွေကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့က အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေကို လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ဖိတ်ကြားပြီး လုပ်ငန်းတွေရဲ့ ကတိနဲ့ ပတ်သက်တာတွေကို ညှိနှိုင်းစည်းဝေးဆောင်ရွက်ရတာဖြစ်ပါတယ်”**

**ဦးဇုံးတိန့်**
**ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး**

ကျွန်တော်တို့ ကော်မတီမှာ လေ့လာသူ နှစ်ဦး အပါအဝင် ကော်မတီအဖွဲ့ဝင် ၁၇ ဦး ရှိပါတယ်။ ကြယ်ပွင့်ပြမေးခွန်း စိစစ်ရေးအဖွဲ့၊ ကြယ်ပွင့်မပြမေးခွန်း စိစစ်ရေးအဖွဲ့၊ အဆိုစိစစ်ရေးအဖွဲ့၊ လုပ်ငန်းလက်ကျန်စိစစ်ရေးအဖွဲ့နဲ့ တိုင်ကြားစာစိစစ်ရေးအဖွဲ့ ငါးဖွဲ့ခွဲပြီး လုပ်ငန်းတာဝန်ကိုးရပ်ကို အဓိကထား ဆောင်ရွက်ကြပါတယ်။

### ကွင်းဆင်းစစ်ဆေးလုပ်ဆောင်

အဲဒီလုပ်ငန်းကိုးရပ်ထဲမှာ အဓိကကတော့ လွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်းကို ကိုယ်စားလှယ်ကိုယ်တိုင်မေးခြင်း ၊ စာဖြင့်ကြယ်ပွင့်မပြ မေးခွန်းမေးမြန်းခြင်း၊ တစ်နိုင်ငံလုံးက ပြည်သူတွေအတွက် အကျိုးရှိမယ့် အဆိုတွေကို တင်သွင်းခြင်း၊ မေးခွန်းနဲ့ပတ်သက်တဲ့ ကတိတွေ ညှိနှိုင်းဖို့ သက်ဆိုင်ရာဌာနအသီးသီးနဲ့ အစည်းအဝေးပြုလုပ်ခြင်း၊ ကော်မတီကို ရောက်ရှိလာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ မိမိရဲ့မဲဆန္ဒနယ်ကလုပ်ငန်းတွေ အဆင်မပြေမှုကို တိုင်ကြားစာအနေနဲ့ တက်လာခြင်း၊ ပြင်ပပြည်သူတွေထံမှ တိုင်ကြားစာတက်လာခြင်းတွေဖြစ်ပါတယ်။ အဲဒီတိုင်ကြားစာတွေထဲက အချို့က ကွင်းဆင်းစစ်ဆေးဖို့ လိုတာတွေရှိပါတယ်။ အဲဒီကိစ္စတွေကိုကော်မတီအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်အရ အဖွဲ့တွေဖွဲ့ပြီး ကွင်းဆင်းစစ်ဆေးတာတွေ လုပ်ဆောင်ပါတယ်။

အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကို အစီရင်ခံစာတင်သွင်းရတာ ရှိပါတယ်။ ဒီနေ့အထိ အစီရင်ခံစာ ခြောက်ကြိမ် တင်သွင်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီကို တာဝန်ပေးထားတဲ့ ကာကွယ်ရေးဥပဒေ ၁၄ ခုကို လေ့လာသုံးသပ်နေပြီး လွှတ်တော်က တာဝန်ချထားတဲ့ ကာကွယ်ရေးဘတ်ဂျက်ကိုလည်း စိစစ်တဲ့လုပ်ငန်းတွေကို လုပ်ဆောင်ကြပါတယ်။ ရုံးအဖွဲ့နဲ့ကော်မတီဝင်တွေ အစည်းအဝေးလုပ်ပြီး ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ၊ အဆိုနဲ့ပတ်သက်တာတွေကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့က အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေကို လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်နဲ့ ဖိတ်ကြားပြီး လုပ်ငန်းတွေရဲ့ ကတိနဲ့ ပတ်သက်တာတွေကို ညှိနှိုင်းစည်းဝေး ဆောင်ရွက်ရတာဖြစ်ပါတယ်။

### တိုင်ကြားစာများ စိစစ်

အဲဒီအထဲမှာ ဒီနေ့အထိ ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ၁၄၆၅ ခုရဲ့ မေးခွန်းနဲ့ ကတိတွေကို စိစစ်ဆောင်ရွက်နေပါတယ်။ စာနဲ့မေးမြန်းတဲ့ ကြယ်ပွင့်မပြမေးခွန်း ၅၉၃၄ ခုကိုလည်း စိစစ်ဆောင်ရွက်နေပါတယ်။ တစ်နိုင်ငံလုံးအကျိုးရှိမယ့် အတည်ပြုထားတဲ့အဆိုနဲ့ မှတ်တမ်းတင်အဆို စုစုပေါင်း ၁၀၅ ခု ရှိပါတယ်။ ကော်မတီကို ရောက်ရှိလာတဲ့ ကိုယ်စားလှယ်တိုင်ကြားစာနဲ့ ပြင်ပပြည်သူတွေရဲ့တိုင်ကြားစာတွေကို ပြန်လည်စိစစ်ပါတယ်။ ကိုယ်စားလှယ်ရဲ့တိုင်ကြားစာကို ဝန်ကြီးဌာနနဲ့ ပြန်လည်ညှိနှိုင်းပေးပါတယ်။ တိုင်ကြားစာ စုစုပေါင်း ၂၅၁ ခုမှ ကိုယ်စားလှယ်ရဲ့တိုင်စာ ၁၀၈ ခုနဲ့ ပြင်ပပြည်သူတွေရဲ့တိုင်စာ ၁၃၅ ခု ရှိပါတယ်။ ပြင်ပ တိုင်ကြားစာတွေကို သက်ဆိုင်ရာဌာနအသီးသီးကို ပေးပို့ပြီး တိုင်ကြားသူတွေထံကို မိတ္တူပြန်လည်ပေးပို့ပါတယ်။ ကိုယ်စားလှယ်တွေရဲ့ တိုင်ကြားစာအပေါ် လိုအပ်ချက်အရ ကွင်းဆင်းဆောင်ရွက်ပါတယ်။

**ဦးထွန်းထွန်း**
**မကွေးတိုင်းဒေသကြီး ပွင့်ဖြူမဲဆန္ဒနယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင်**

အခု ဒုသမပုံမှန်အစည်းအဝေးအထိ အဆိုပေါင်း ၄၆ ခု တင်သွင်းခဲ့ပါတယ်။ ဆောင်ရွက်ပြီးစီးတဲ့ အဆိုပေါင်း ၂၀၊ ဆောင်ရွက်ဆဲ ၂၆ ခု ရှိပါတယ်။ အချို့အဆိုတွေက ချက်ချင်းဆောင်ရွက်ရတာရှိသလို အချို့အဆိုတွေကို အချိန်ယူရေရှည်ဆောင်ရွက်ရတာတွေလည်း ရှိပါတယ်။ ချက်ချင်းဆောင်ရွက်ရမယ့် အဆိုတွေထဲမှာ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ဒေါပုံမဲဆန္ဒနယ်က ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို တင်သွင်းသွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်၊ လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအား ထိရောက်စွာ အရေးယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုလို အဆိုတွေကတော့ ချက်ချင်းလတ်တလော ဆောင်ရွက်ရတာဖြစ်ပါတယ်။

### ရေရှည်ဆောင်ရွက်ရမှာဖြစ်တဲ့

ရေရှည်ဆောင်ရွက်ရမယ့် အဆိုတွေထဲမှာ ဥပမာအားဖြင့် မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းရဲ့နိုင်ငံတစ်ဝန်းမှာ အဂတိလိုက်စားမှု ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကတော့ ရေရှည်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဆောင်ရွက်ဆဲဖြစ်ပါတယ်။

စာမျက်နှာ ၁၉ သို့ ❖

❖ စာမျက်နှာ ၁၈ မှ

ဆောင်ရွက်ပြီးစီးတဲ့ အဆိုတွေထဲမှာ ဥပမာ ဒေါက်တာလှမိုး အောင်မြေသာဇံမဲဆန္ဒနယ်ရဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေအခန်း ၇ ပုဒ်မ ၂၁ (ဂ) အရ ပြည်ထောင်စုအစိုးရက နိုင်ငံ့ဝန်ထမ်းအဆင့်ဆင့်သော ကော်မရှင်အဖွဲ့ဝင်များအတွက် ထိုက်သင့်သည့် လစာ၊ ချေးငွေ၊ စရိတ်ခံစားရရှိနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကတော့ ကျွန်တော်တို့ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။

**အမှန်တကယ်လိုအပ်**

ကြယ်ပွင့်ပြမေးခွန်းတွေထဲက ကတိဖြစ်ခဲ့တဲ့ မေးခွန်းပေါင်း ၃၆၂ ခု ရှိပြီး ကတိဖြစ်သွားပြီး ဆောင်ရွက်ပြီးတဲ့ လုပ်ငန်းတွေပေါင်း ၁၇၂ ခု ရှိပါတယ်။ ဆောင်ရွက်ဆဲလုပ်ငန်းက ၁၉၀ ရှိပါတယ်။ ဒီလိုချက်ချင်းဆောင်ရွက်လို့ရတဲ့ လုပ်ငန်းတွေကို ကတိအဖြစ်က ပယ်ဖျက်ရတာ ဖြစ်ပါတယ်။ လုပ်ငန်းနဲ့ပတ်သက်ပြီး ဆောင်ရွက်ပြီးစီးမှုက ၄၉ ဒသမ ၂၆ ရာခိုင်နှုန်းဖြစ်ပြီး ဆောင်ရွက်ဆဲကတော့ ၅၀ ဒသမ ၇၄ ရာခိုင်နှုန်းလောက်ရှိပါသေးတယ်။ ဘာလို့ အဲဒီလိုကျန်နေသေးတာလဲဆိုတော့ အချို့လုပ်ငန်းတွေက အမှန်တကယ်လိုအပ်တယ်၊ တကယ်မြေပြင်မှာ ဆောင်ရွက်ဖို့ကျတော့ အခက်အခဲတွေ၊ ဆောင်ရွက်လို့ မရတာတွေရှိပါတယ်။ ဥပမာ-ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဝန်ထမ်းဖွဲ့စည်းပုံတွေ ချမှတ်ဆောင်ရွက်ဖို့၊ နောက်ထပ်တိုးချဲ့ဖွင့်လှစ်ဖို့ မြေပြင်မှာ အမှန်တကယ်လိုအပ်ပါတယ်။

သို့သော်လည်း တကယ်လုပ်တဲ့အခါမှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်တွေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်တွေ၊ ဘတ်ဂျက်ခွင့်ပြုချက်တွေ၊ နောက်ဆုံးမှာ ဒါတွေခွင့်ပြုပြီးရင် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြဆွေးနွေးရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပြီးမှ ဖွင့်လှစ်ခွင့်တွေ၊ တိုးချဲ့ခွင့်တွေရတာဖြစ်ပါတယ်။ အခုနောက်ပိုင်း မူဝါဒတစ်ခုက လူ့စွမ်းအားအရင်းအမြစ်နဲ့ စီမံခန့်ခွဲမှုက တိုးလာတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကတိဖြစ်ပြီးမှ ပိုပြီးကြန့်ကြာတာတွေလည်း ရှိပါတယ်။




**ဦးထွန်းထွန်း**
**မကွေးတိုင်းဒေသကြီး ပွင့်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင်**




**ဦးဝင်းထူး**
**နမ့်ဆန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင်**

ဒါက ကျန်းမာရေးဝန်ကြီးဌာနကို ဥပမာပေးပြီး ပြောတာဖြစ်ပါတယ်။ အလားတူ အချို့သော ဆောက်လုပ်ရေး၊ ပညာရေးဝန်ကြီးဌာန စတာတွေမှာလည်း ဘတ်ဂျက်မရတာတွေကြောင့် ကတိဖြစ်ပြီးမှ ဆောင်ရွက်ဖို့ ကျန်ရှိနေတာတွေလည်း ရှိပါတယ်။

**လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းတွေ**

နောက်ပြီး ကတိဖြစ်ပြီးမှ ဆောင်ရွက်ဖို့ကျန်နေတဲ့ လုပ်ငန်းတွေ၊ အဆင်မပြေတဲ့ လုပ်ငန်းတွေကို လွှတ်တော်ကိုယ်စားလှယ်တွေက တိုင်ကြားစာတွေ တက်လာတာရှိပါတယ်။ အဲဒီလို တိုင်ကြားလာတာတွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ကွင်းဆင်းစစ်ဆေးတာတွေ ဆောင်ရွက်ပါတယ်။ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦးက ရေဝေရေလဲကန်ကြီးကို ပြုပြင်ဖို့ဆိုပြီး အဆိုတင်ပါတယ်။ အမှန်တကယ် အဆိုအောင်မြင်သွားတယ်။ လက်တွေ့က မြေပြင်မှာ မလုပ်နိုင်ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ကော်မတီက သွားပြီးတော့ စိစစ်တယ်။ အဲဒီတော့မှ ဒီအဆို အကောင်အထည်ဖော်ပြီးစီးသွားတာတွေလည်း ရှိပါတယ်။ နောက်ပြီး ပန်းတနော် ငါးကန်ကိစ္စတွေနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်ရဲ့ တိုင်ကြားမှုအပေါ် ကွင်းဆင်းပြီးစစ်ဆေးတယ်၊ နောက်တစ်ခုက ကျောက်တန်းမဲဆန္ဒနယ်က ဒေါ်အေးမြမြမျိုးရဲ့ ကျုံကန်တိုက်နယ်ဆေးရုံဆိုရင် ဒီနေ့အချိန်အထိ ဆောင်ရွက်မပြီးစီးသေးဘူး၊ အဲဒါကိုလည်း ကျွန်တော်တို့ ကွင်းဆင်းစိစစ်ခဲ့တယ်၊ စိစစ်သော်လည်း မပြီးပြတ်တာတွေရှိတယ်။ ဒါတွေကို သက်ဆိုင်ရာဝန်ကြီးဌာနကို ပြောကြားထားတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကော်မတီက ကိုယ်စားလှယ်တွေရဲ့ တိုင်ကြားချက်တွေ၊ တင်ပြချက်တွေ၊ ကတိဖြစ်ပြီးတော့ မဆောင်ရွက်တာတွေ၊ လုပ်ငန်းလက်ကျန်တွေကို အတတ်နိုင်ဆုံး ကွင်းဆင်းဆောင်ရွက်နေပါတယ်။ ဘတ်ဂျက်နဲ့ပတ်သက်ရင်လည်း အရပ်ဘက်စက်ရုံတွေကို ကျွန်တော်တို့ သွားရောက်ပြီး ကွင်းဆင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။ အားလုံးညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်တဲ့အတွက် လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ကော်မတီက ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

**ဦးဝင်းထူး**
**နမ့်ဆန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင်**

ကျွန်တော်တို့ ကော်မတီအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက စာနဲ့မေးမြန်းတဲ့ ကြယ်ပွင့်မပြမေးခွန်းတွေက ကတိဖြစ်သလား၊ မဖြစ်ဘူးလားဆိုတာတွေကို စိစစ်ရပါတယ်။ ကတိဖြစ်ထားတဲ့ လုပ်ငန်းတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပြန်လည်စိစစ်ပြီး သူတို့လုပ်ငန်းလုပ်ဆောင်ထားမှု အခြေအနေတွေ၊ ကိုယ်စားလှယ်တွေကလည်း လုပ်ငန်းပြီးစီးမှုအခြေအနေတွေကို ပြန်ပြီးညှိနှိုင်းဆွေးနွေးပေးရတာတွေလည်း ရှိပါတယ်။

**ကြယ်ပွင့်မပြလုပ်ငန်း**

ကြယ်ပွင့်မပြလုပ်ငန်းတွေက ကတိမဖြစ်ဘူးလို့ ထင်ပေမယ့်လည်း ဝန်ကြီးဌာနက ပြန်ကြည့်တဲ့အခါ ကတိဖြစ်သွားတာတွေလည်း ရှိပါတယ်။ အဲဒီလို ကြယ်ပွင့်မပြလုပ်ငန်းတွေကို ပြန်လည်စိစစ်ရတာတွေလည်း ရှိပါတယ်။ အဆိုတို့၊ လွှတ်တော်ကိုယ်စားလှယ်တွေက တင်သွင်းမေးမြန်းထားတဲ့ မေးခွန်းတို့ကို ဝန်ကြီးဌာနက လုပ်ငန်းလုပ်ဆောင်ထားမှုအခြေအနေ ဘယ်လိုရှိတယ်ဆိုတာကိုလည်း စစ်ဆေးရပါတယ်။ ကော်မတီကို သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပေးပို့လာတဲ့ လစဉ်လဆန်းတိုင်းမှာ လုပ်ငန်းပြီးစီးထားမှု အခြေအနေ၊ ကတိပေးထားတဲ့ အနေအထားက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတွေ၊ လုပ်ငန်းလက်ကျန်တွေကို စစ်ဆေးရတာတွေလည်း ရှိပါတယ်။

ပြီးခဲ့တဲ့ အစီရင်ခံစာတင်သွင်းထားတဲ့အထိ လုပ်ငန်း လက်ကျန်ပေါင်း ၁၁၀၂ ခု ကျန်ပါတယ်။ ဒီလုပ်ငန်း လက်ကျန်တွေကို ပြန်စိစစ်တဲ့အခါမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက သူတို့ဆောင်ရွက်ပြီးစီးထားတာတွေကို လုပ်ငန်းပြီးစီးကြောင်း တင်ပြပြီး ကတိကပယ်ခိုင်းတာတွေလည်း ရှိပါတယ်။ ဒါပေမယ့် ကတိကိုပယ်ခိုင်းတဲ့ ကိစ္စတွေမှာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ မေးခွန်းရှင်၊ အဆိုရှင်တွေနဲ့ ဝန်ကြီးဌာနနဲ့ ပြန်လည်ညှိနှိုင်းပြီး ရေရှည်လုပ်ဆောင်ရမယ့် လုပ်ငန်းဆိုရင် ကတိက ပယ်သင့်သလား၊ မပယ်သင့်ဘူးလားဆိုတာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆန္ဒတွေကို ညှိနှိုင်းမေးမြန်းတာတွေလည်း ဆောင်ရွက်ပါတယ်။

**ဘတ်ဂျက်အလိုက် ဖြေရှင်းသွား**

တကယ်လုပ်ငန်းတွေက ၁၀၀ ရာခိုင်နှုန်းပြီးစီးသွားပြီဆိုတာမျိုးတွေကို အထောက်အထားတွေနဲ့ ပြလာပြီဆိုရင် လုပ်ငန်းလက်ကျန်ထဲက လျော့သွားမှာ ဖြစ်ပါတယ်။ ဥပမာ အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိထားတဲ့ ပြည်သူတွေကို ထောက်ပံ့ပေးဖို့ဆိုတဲ့ ကိစ္စမျိုးတွေမှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဒီအပေါ်မှာ ကူညီပေးခဲ့ပေမယ့်လည်း ဒီလိုကိစ္စမျိုးတွေက စဉ်ဆက်မပြတ် လုပ်ဆောင်ရမယ့် လုပ်ငန်းတွေ ဖြစ်တဲ့အတွက် ဒီဟာတွေကို လုပ်ငန်းပြီးစီးမှုထဲမှာ တင်ပြဖို့ လိုအပ်တယ်ဆိုပြီး တင်ပြတာတွေ ရှိပါတယ်။

အဲဒါဆိုရင်လည်း ဒါကိုပြန်လည်သုံးသပ်ပြီး လုပ်ငန်းပြီးစီးမှုထဲမှာ ထည့်သင့်တယ်။ လုပ်ငန်းလက်ကျန်ထဲက ပယ်ဖျက်သင့်တယ်ဆိုပြီး လုပ်ဆောင်ပေးရတာတွေ ရှိပါတယ်။ တချို့လုပ်ငန်း လက်ကျန်တွေက ကတိဖြစ်ထားတယ်၊ မေးခွန်းမေးတယ်၊ စာနဲ့မေးခွန်းတွေ မေးတယ်၊ အဆိုတွေ တင်တယ်၊ အတည်ပြုတယ်၊ ကတိဖြစ်ထားပေမယ့် အချို့တွေက ဘတ်ဂျက်အခက်အခဲကြောင့်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း လုပ်ငန်းလက်ကျန်အဖြစ် ဆက်လက်ကျန်နေတတ်ပါတယ်။ အဲဒါမျိုးတွေကို နှစ်စဉ်ဘတ်ဂျက်အလိုက် ဖြေရှင်းသွားရတာတွေလည်း ရှိပါတယ်။

တချို့အဆိုတွေက တစ်နှစ်တည်းနဲ့ ဖြေရှင်းရတာမျိုး မဟုတ်ဘဲ ရေရှည်လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် အဲဒါကို လုပ်ငန်းပြီးစီးကြောင်းပြောဖို့ ခက်နေသေးတဲ့အတွက် ဒါတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဆက်လက်အကောင်အထည်ဖော်နေရပြီး လုပ်ငန်းလက်ကျန်အဖြစ် ကျန်ရှိနေတတ်ပါတယ်။ အဆိုတွေ၊ ကြယ်ပွင့်ပြမေးခွန်းတွေ၊ ကြယ်ပွင့်မပြမေးခွန်းတွေနဲ့ ပတ်သက်ရင် လုပ်ငန်းလက်ကျန်တွေက အဲဒီလိုတွေ ရှိတတ်တာ ဖြစ်ပါတယ်။

> **“ကြယ်ပွင့်မပြလုပ်ငန်းတွေက ကတိမဖြစ်ဘူးလို့ ထင်ပေမယ့်လည်း ဝန်ကြီးဌာနက ပြန်ကြည့်တဲ့အခါ ကတိဖြစ်သွားတာတွေလည်း ရှိပါတယ်။ အဲဒီလို ကြယ်ပွင့်မပြလုပ်ငန်းတွေကို ပြန်လည်စိစစ်ရတာတွေလည်း ရှိပါတယ်။ အဆိုတို့၊ လွှတ်တော်ကိုယ်စားလှယ်တွေက တင်သွင်းမေးမြန်းထားတဲ့ မေးခွန်းတို့ကို ဝန်ကြီးဌာနက လုပ်ငန်းလုပ်ဆောင်ထားမှုအခြေအနေ ဘယ်လိုရှိတယ်ဆိုတာကိုလည်း စစ်ဆေး”**

## ပေါင်မြို့နယ် မြေပြိုမှုဒဏ်ခံရသည့် မိသားစုများအား အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ကူညီထောက်ပံ့

**ပေါင် ဩဂုတ် ၁၃**

မြေပြိုမှုဒဏ်ခံခဲ့ရသည့် မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာရှိ ဒေသခံမိသားစုများအား ဩဂုတ် ၁၃ ရက်တွင် အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက တွေ့ဆုံအားပေးပြီး ကူညီထောက်ပံ့မှုများနှင့် လှူဒါန်းငွေကျပ် သိန်း ၃၅၀ ကို ထောက်ပံ့ပေးခဲ့သည်။

အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် သဲဖြူကုန်းကျေးရွာတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Yangon Rescue Organization မှတစ်ဆင့် ဒေသခံမိသားစုများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀ သိန်းစီ၊ ဘုန်းတော်ကြီးကျောင်းအတွက် ငွေကျပ် သိန်း ၂၀၊ မော်လမြိုင်ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော လူမှုကူညီရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသမားများအတွက် သောက်ရေသန့် ဘူး ၁၀၀၀၊ ခေါက်ဆွဲခြောက်ဖာ ၂၇၀၊ ငါးသေတ္တာဘူး ၉၂၀၊ မုန့်များနှင့် အခြားလိုအပ်သော စားနပ်ရိက္ခာများအပါအဝင် လှူဒါန်းငွေကျပ် သိန်း ၃၅၀ ကို ကူညီထောက်ပံ့ပေးခဲ့သည်။

Yangon Rescue Organization သည် မြန်မာနိုင်ငံအနှံ့တွင် အသင်းပေါင်း ၁၀၃ သင်းနှင့် လူနာတင်ယာဉ် ၂၈၂ စီးဖြင့် ဖွဲ့စည်းထားပြီး မီးဘေး၊ ရေဘေးနှင့် သဘာဝဘေးများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ပေးလျက်ရှိပြီး အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် စတင်တည်ထောင်ချိန်မှ ယနေ့အထိ နေရာဒေသအနှံ့အပြား၌ လူမျိုး၊ ဘာသာမရွေး လိုအပ်သောကဏ္ဍအသီးသီးတွင် ငွေကျပ် ၁၅၆ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။ **ကြေးမုံ**



# တစ်ပတ်အတွင်းအားကစားသတင်းများ

နိုင်လင်းကြည်

## ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာဖို့နီးစပ်နေပြီဖြစ်တဲ့ နေမာ




တိုက်စစ်မှူးနေမာဟာ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သတင်းတွေထွက်နေပါတယ်။ အဲဒီသတင်းတွေထွက်လာခဲ့တဲ့နောက်မှာ ရီးယဲလ်မက်ဒရစ်အသင်းကလည်း တိုက်စစ်မှူးနေမာကို ခေါ်ယူဖြစ်ခဲ့မယ်ဆိုရင် မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာကို မခေါ်ယူတော့ဘူးလို့လည်း သိရပါတယ်။ တိုက်စစ်မှူးနေမာက အသင်းကနေ ထွက်ခွာဖို့တောင်းဆိုခဲ့တာကို ပီအက်စ်ဂျီအသင်းက လက်ခံခဲ့ပြီးတဲ့နောက်မှာတော့ နေမာရဲ့ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၀၀ ကျော် သတ်မှတ်ထားခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ဟာ အသက် ၂၇ နှစ်အရွယ် တိုက်စစ်မှူးနေမာကို ခေါ်ယူဖို့အပြိုင်ဖြစ်နေပြီး တစ်ပတ်လုပ်ခ လစာပေါင်ခုနစ်သိန်းပေးမှ ရရှိမယ့်အနေအထားလည်းဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်က လိုချင်နေတဲ့ပေါ့ဘာဟာ မန်ယူအသင်းကနေထွက်ခွာမယ်လို့ ဆိုထားပေမယ့် လက်ရှိမှာ ရီးယဲလ်မက်ဒရစ်က ဟာဇက်ကို ပေါင်သန်း ၁၅၀ နဲ့ခေါ်ယူထားပြီလည်းဖြစ် ပါတယ်။ ဒါပေမယ့် ပေါ့ဘာနဲ့ နေမာ ဘယ်သူ့ခေါ်မလဲဆိုရင်တော့ ရီးယဲလ်မက်ဒရစ်က နေမာပဲ ခေါ်မယ်လို့အတိအလင်းပြောထားတာလည်းဖြစ်ပါတယ်။ ဘာစီလိုနာအသင်းကလည်း ကော်တင်ဟိုနဲ့ ဒမ်ဘီလီကို ရောင်းထုတ်ပြီး တိုက်စစ်မှူးဟောင်းနေမာကို ပြန်လည်ခေါ်ယူဖို့ဆန္ဒရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် ပီအက်စ်ဂျီအသင်းနဲ့ လမ်းခွဲဖို့ရှိနေတဲ့ နေမာအနေနဲ့ ရီးယဲလ်နဲ့ ဘာစီလိုနာ ဘယ်အသင်းကိုရွေးမလဲစိတ်ဝင်စားစရာပါ။




## လီဗာပူးတိုက်စစ်မှူးဟောင်း စတားရစ်ချ် ဖီနာဘာချီသို့ ပြောင်းရွှေ့ကစားဖို့ရှိနေ

လီဗာပူးအသင်းတိုက်စစ်မှူးဟောင်း စတားရစ်ချ်ဟာ အန်ဖီးလ်မှာ ခြောက်နှစ်ကြာ ဖြတ်သန်းခဲ့ပြီးနောက် လမ်းခွဲသွားခဲ့ပြီး လက်ရှိမှာ သူ့ကိုကမ်းလှမ်းလာတဲ့ အသင်း ၁၃ သင်းထဲက တစ်ပတ်လုပ်ခလစာပေါင် ၆၀၀၀၀ ရမယ့် တူရကီကလပ် ဖီနာဘာချီအသင်းကို ပြောင်းရွှေ့ဖို့ရှိနေပါတယ်။ အသက် ၂၉ နှစ်အရွယ် တိုက်စစ်မှူး စတားရစ်ချ်ကို ဖီနာဘာချီအသင်းက ပေါင်ကိုးသန်းနဲ့ ကမ်းလှမ်းခဲ့တာဖြစ်ပြီး သူ့ကိုကမ်းလှမ်းလာတဲ့အသင်း ၁၃ သင်းထဲမှာ ဒီစီယူနိုက်တက်အသင်း၊ ရီးယဲလ်ဘတ်တစ်အသင်း၊ ဘိုလော့ဂ်နာအသင်း၊ မာဆေးလ်အသင်းနဲ့ ဘီဆစ်တက်အသင်းတို့လည်း ပါဝင်တယ်လို့ သိရပါတယ်။ လက်ရှိဖီနာဘာချီအသင်းမှာ အရင်က လီဗာပူးအသင်းရဲ့ အပြောင်းအရွှေ့ကိစ္စကို ကိုင်တွယ်ခဲ့တဲ့ အားကစားဒါရိုက်တာ ကိုမိုလ်လီလည်းရှိနေတာကြောင့် စတားရစ်ချ်ဟာ ဖီနာဘာချီကိုပဲ ပြောင်းရွှေ့ဖို့ ရာနှုန်းများနေတယ်လို့ သတင်းတွေက ဆိုပါတယ်။ ကာတာအသင်းကလည်း အင်္ဂလန်တိုက်စစ်မှူး စတားရစ်ချ်ကို ခေါ်ယူဖို့ စီစဉ်နေတယ်လို့လည်း သိရပါတယ်။




## ကိုးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်တဲ့ အီနာကီဝီလီယံ

စပိန်ကလပ်ဘီဘာအိုအသင်းရဲ့ တိုက်စစ်မှူး အီနာကီဝီလီယံဟာ အသင်းနဲ့ကိုးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၅ နှစ် အရွယ် အီနာကီဝီလီယံဟာ စာချုပ်အရ ၂၀၂၈ အထိ ဘီဘာအိုအသင်းမှာ ဆက်ရှိနေမှာဖြစ်ပြီး အဲဒီစာချုပ်မှာ ပေါင် ၁၂၅ သန်း(ယူရို ၁၃၅ သန်း)ပါဝင်တယ်လို့လည်း သိရပါတယ်။ အဲဒီစာချုပ်ဟာ ဘောလုံးလောကမှာ ကာလအရှည်ကြာဆုံးစာချုပ်အဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပြီး အီနာကီဝီလီယံရဲ့အရင်က ကာလအရှည်ကြာဆုံးစာချုပ်ကို ဒီနယ်ဆင်က ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ဒီနယ်ဆင်ဟာ ၁၉၉၈ ခုနှစ် ရီးယဲလ်ဘတ်တစ်အသင်းနဲ့ ၁၀ နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး အီနာကီဝီလီယံဟာ ၂၀၁၄ ခုနှစ်အတွင်းက ဘီဘာအိုအသင်းနဲ့အတူ စတင်ပွဲထွက် ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး အခုအပြောင်းအရွှေ့ကာလအတွင်း မန်ယူအသင်းကိုပြောင်းရွှေ့မယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်ခဲ့သူဖြစ်ပါတယ်။




## ဗလင်စီယာအသင်းကို ပြောင်းရွှေ့တော့မယ့် မန်စီးတီးနောက်ခံလူ မန်ဂါလာ

မန်စီးတီးအသင်း နောက်တန်းကစားသမား မန်ဂါလာဟာ ဗလင်စီယာအသင်းကို နှစ်နှစ်စာချုပ်နဲ့ ပြောင်းရွှေ့တော့မယ်လို့ သိရပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ နောက်တန်းကစားသမား မန်ဂါလာဟာ အဲဗာတန်အသင်းမှာ အငှားသွားရောက်ကစားနေရာကနေပြန်လာပြီး ဒဏ်ရာသက်သာလာချိန်မှာ ဖေဖော်ဝါရီလအတွင်းက မန်စီးတီးအသင်းမှာ ၂၀၂၀ အထိဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့သူလည်းဖြစ်ပါတယ်။ နောက်တန်းကစားသမားမန်ဂါလာဟာ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှာ ဗလင်စီယာအသင်းမှာ တစ်ရာသီအငှားနဲ့ သွားရောက်ကစားခဲ့သူလည်းဖြစ်ပါတယ်။ မန်ဂါလာဟာ ၂၀၁၄ ခုနှစ်က ပေါ်တိုအသင်းကနေ မန်စီးတီးအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

## လီဗာပူးအသင်းက ဝါရင့်ဂိုးသမားလိုနာဂန်အား ခေါ်ယူမည်



လီဗာပူးအသင်းရဲ့ အဓိကကစားသမား လိုနာဂန်ဟာ နော့ဝှစ်ချ်အသင်းနဲ့ ကစားခဲ့တဲ့ ပရီမီယာလိဂ်ရာသီအဖွင့်ပွဲစဉ်မှာ ခြေသလုံးဒဏ်ရာရရှိခဲ့တာကြောင့် အသင်းနဲ့အတူ ပွဲထွက်ကစားနိုင်ဖို့ အချိန်ယူရဦးမှာဖြစ်လို့ လီဗာပူးအသင်းက ကာလတိုအစားထိုးမှုအဖြစ် ဝါရင့်ဂိုးသမား အန်ဒီလိုနာဂန်အား ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ လီဗာပူးအသင်းနဲ့ နော့ဝှစ်ချ်အသင်းတို့ရဲ့ပွဲစဉ်မှာ အဲလစ်ဆင်ဟာ ပွဲကစားချိန် ၃၉ မိနစ်အကြာမှာ ဒဏ်ရာရခဲ့လို့ နွေရာသီကာလက ခေါ်ယူထားတဲ့ အက်ဒရီယန်နဲ့ လူစားလဲခဲ့ရပါတယ်။ အဲလစ်ဆင်ဟာ ရိုးမားအသင်းကနေ ရောက်ရှိလာချိန်ကစလို့ လီဗာပူးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်ခဲ့သလို ပရီမီယာလိဂ်မှာလည်း အဆင့် ၂ နေရာရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အဲလစ်ဆင်ဒဏ်ရာရနေတဲ့အတွက် လိုနာဂန်အား ခေါ်ယူမှာဖြစ်ပြီး လိုနာဂန်ဟာ နွေရာသီကာလတုန်းက မစ်ဒယ်ဘရောအသင်းကနေ ထွက်ခဲ့တာကြောင့် အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရမယ်လို့ လီဗာပူးအသင်းက မျှော်လင့်ထားတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ ဩဂုတ် ၁၄ ရက်မှာ ကစားမယ့် ဥရောပစူပါဖလားပွဲစဉ်အမီ လိုနာဂန်အား ခေါ်ယူမယ်လို့လည်း လီဗာပူးအသင်းကဆိုပါတယ်။




# ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံ၊ Forever Group နှင့် ကိုရီးယားနိုင်ငံ EBS (Education Broadcast System) တို့ပူးပေါင်းရိုက်ကူးခဲ့သည့် ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီးကို ၂၀၁၇ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ဒီမိုကရေစီရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသရန်အတွက် ကိုယ်တိုင်ကြည့်ရှုပြီး ရွေးချယ်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ၏ ပထမဆုံး 3D ဇာတ်ကားဖြစ်၍ အကြိမ်ကြိမ် စမ်းသပ်ကြည့်ရှုနိုင်ရန် စီစဉ်ပေးပါသော မင်္ဂလာကုမ္ပဏီလီမိတက်နှင့် JCGV တို့ အားလည်းကောင်း ....။

(၁၀.၇.၂၀၁၉) ရက်နေ့တွင် လှည်းတန်းစင်တာ၊ Red Radiance ရုပ်ရှင်ရုံ၌ ပြသခဲ့သော Pre Screening Show ကို ကြွရောက်ချီးမြှင့်ပေးပါသော ပါမောက္ခများ၊ အငြိမ်းစား ပါမောက္ခများ၊ သမိုင်းပညာရှင်များ၊ စာပေပညာရှင်များ၊ ဂီတပညာရှင်များကိုလည်းကောင်း ....။

(၃.၈.၂၀၁၉) ရက်နေ့တွင် Pan Pacific Hotel (Pacific Ballroom 2) ၌ ပြသခဲ့သော Special Reunion Show ကို ကြွရောက် ချီးမြှင့်ပေးပါသော ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်မြောက်ရေးအတွက် ပါဝင်သရုပ်ဆောင်ပေးပါသော အနုပညာရှင်များနှင့် ဇာတ်ဝင်ခန်းများကို ပြင်ဆင်ဆောင်ရွက်ပေးပါသော အတတ်ပညာရှင်များကို လည်းကောင်း ....။

(၄.၈.၂၀၁၉) ရက်နေ့တွင် JCGV (Junction City) ၌ ပြသခဲ့သော Special Screening ကို ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များကို လည်းကောင်း ....။

(၇.၈.၂၀၁၉) ရက်နေ့တွင် JCGV (Starium Hall) Junction City ၌ ပြသခဲ့သော ကြီးမြတ်သောမြန်မာ Red Carpet Premiere Show ကို ကြွရောက် ချီးမြှင့်ပေးပါသော မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး H.E. Mr. Eduardo Kapunan Jr.၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး၊ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့မှ သံမှူးများနှင့်သံတမန်အရာရှိများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ဇနီး၊ ဒီ/ချုပ် ဇဟိုသတင်းနှင့် ပြန်ကြားရေးအဖွဲ့ဝင်၊ မုံရွာအောင်ရှင်နှင့် အဖွဲ့သားများ၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှတာဝန်ရှိသူများ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံလုပ်ငန်း လုပ်ကိုင်သူများ၊ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များ၊ ပူးပေါင်းရိုက်ကူးထုတ်လုပ်ရာတွင် ကိုရီးယားနိုင်ငံဘက်မှ ပါဝင်ခဲ့သော ကိုရီးယားနိုင်ငံ EBS (Education Broadcast System) မှ ကြီးမြတ်သော မြန်မာရုပ်ရှင်ဇာတ်ကားကို ဦးဆောင် ရိုက်ကူးသူ ဒါရိုက်တာ Mr. Jeong Jae Eung၊ Director of Photography (DOP) Mr. Kim Yong Sang၊ ထုတ်လုပ်ရေးဌာနခွဲမှ Mr.Jang Hoo Young တို့ကို လည်းကောင်း၊ ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်မြောက်ရေးအတွက် ပါဝင်သရုပ်ဆောင်ပေးပါသောအနုပညာရှင်များနှင့် ဇာတ်ဝင်ခန်း များကို ပြင်ဆင်ဆောင်ရွက်ပေးပါသော အတတ်ပညာရှင်များကိုလည်းကောင်း၊ မိတ်ဆွေသဂ်ဟများကိုလည်းကောင်း၊ သတင်းရယူပေးပါသော Media အသီးသီးမှ Media ပညာရှင်များအား လည်းကောင်း။

ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီးကို ကြည့်ရှုအားပေးပြီးနောက် ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်ပြီး သုံးသပ်အကြံပြုစကားများပြောကြားပေးပါသော ရန်ကုန်တိုင်း ဒေသကြီး၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးတင်ဝင်း၊ ဦးမြင့်လွင်၊ ဦးတင့်လွင်(ခ) မောင်လွင်မွန် (ကဘာ)၊ ဦးအောင်ထူး နှင့် ဦးခင်မောင်ဝင်းတို့ အားလည်းကောင်း ....။

ပါမောက္ခ ဒေါက်တာ ဒေါ်ညိမ်းညိမ်း(ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန)၊ ပါမောက္ခ ဦးခင်မောင်ချို(ငြိမ်း) (ဟသာတတက္ကသိုလ်)၊ သမိုင်းပညာရှင် ဒေါက်တာဦးကျော်ဝင်း၊ ပါမောက္ခ ဦးလှမြင့် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ်)၊ ဒေါက်တာ ဒေါ်စိုးမြမြအေး (ရန်ကုန်တက္ကသိုလ် အနုပညာအသင်း ဥက္ကဋ္ဌ)၊ ဦးမောင်ထွေး (ပြတိုက်ပညာရှင်)၊ စာရေးဆရာကြီး ဆရာမကြီးများဖြစ်ကြသော ဆရာ ဦးချစ်နိုင် (စိတ်ပညာ)၊ ဆရာ မောင်ခင်မင် (ဓနုဖြူ)၊ ဆရာ နွမ်ဂျာသိုင်း၊ ဆရာမ ရွှေကူမေနှင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက အကယ်ဒမီ ပန်းချီစိုးမိုး၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဥက္ကဋ္ဌ ဦးမြတ်ခိုင်၊ Forever Group မှ အကြံပေးပညာရှင် ဒေါက်တာဦးခင်မောင်ညို၊ အကြံပေးပညာရှင် ဆရာဦးမျိုးမြတ်သူတို့အားလည်းကောင်း ....။

ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီး အကြိုပြသပွဲအမျိုးမျိုးကို ပြသနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးပါသော ရွှေတောင် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီ လီမိတက်၊ JCGV ရုပ်ရှင်ရုံများ၊ Pan Pacific Hotel၊ Red Radiance ရုပ်ရှင်ရုံများ၊ Junction City Mall နှင့် Berco Myanmar မှ တာဝန်ရှိသူများအားလည်းကောင်း၊ Forever Group ၏ ဌာနအသီးသီးမှ အားကြိုးမာန်တက်ဆောင်ရွက်ပေးကြသော ဝန်ထမ်းများနှင့် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ အကြံဉာဏ် ပေးလုပ်ကိုင်ပေးကြသူ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီအား ကြီးမြတ်သော မြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးထုတ်လုပ်ခဲ့သည့် Forever Group နှင့် ကြီးမြတ်သော မြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီး မိသားစုများက လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ၁၅.၈.၂၀၁၉ ရက်နေ့ မှစတင်၍ တစ်ပြိုင်တည်းပြသပါမည်။**

JCGV | Mega Ace | Mingalar | PARADISO CINEMAS | RED RADIANCE

## ဝမ်းနည်းကြေကွဲခြင်း
## Tialcan Zing (ခ) ဒေါ်တီာလ်ကျန်းဇိန်
**အသက်(၄၀)**

**ချင်းပြည်နယ်၊ ဟားခါးမြို့**

ချင်းပြည်နယ် ဥပဒေချုပ် ဦးထန်ကျုံး(ခ)ဆန်နီဇာဟိုး၏ ချစ်လှစွာသောဇနီးဖြစ်သူ Tialcan Zing (ခ) ဒေါ်တီာလ်ကျန်းဇိန် အသက်(၄၀)သည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) မြန်မာစံတော်ချိန် ည ၇း၃၀ နာရီတွင် ဂျာမနီနိုင်ငံ၊ Nuremberg မြို့၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊**
**ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊**
**ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အရာထမ်း/အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း) ဒိုက်ဦး
**အသက်(၈၁)နှစ်**

မြိတ်မြို့ အောင်သုခရပ်ကွက်နေ ဒေါ်ယဉ်ယဉ်၏ ချစ်လှစွာသောခင်ပွန်း ဒုဗိုလ်မှူးကြီး သိန်းအောင် သည် ၁၁-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ငယ်သူငယ်ချင်းများမှ**
**ဆရာမဒေါ်မြင့်မြင့်၊ ဆရာမဒေါ်တင်ရွှေ၊ ဆရာမဒေါ်တင်ဦး(ဒိုက်ဦး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးသန်းရွှေ (ငြိမ်း)
**ကြည်း-၁၀၇၈၃၊ ဗသက(၃၄)၊ (တဗ-၇)**
**မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း)**
**အသက်(၈၀)**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးသန်းရွှေ(ငြိမ်း)သည် ၁၀-၈-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီဟတေဇ ညီအစ်ကိုများ**

## ဦးစိုးတင့်
**အသက်(၆၇)နှစ်**
**(မော်လမြိုင်)**

မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်၊ မြို့မတံတားလမ်း၊ အမှတ်(၁၃/A)နေ (ဦးမောင်အေး-ဒေါ်ကြွေ)တို့၏ သား၊ မော်လမြိုင်မြို့ ကျောက်တန်းရပ်နေ (ဦးအုန်းဖေ-ဒေါ်ပန်းရုံ)တို့၏ သားသမက်၊ (ဒေါ်ချစ်ချစ်)၏ ခင်ပွန်း၊ ဒုဗိုလ်မှူးကြီးမင်းစိုး-ဒေါ်ဆုမောင်မောင်အောင်၊ ဦးသိန်းထူး-ဒေါ်ရင်ငြိမ်းအေး၊ ဦးဇော်မျိုး-ဒေါ်ရဲစုစုအောင်၊ Dr.နေလင်းအောင်-ဒေါ်ထားထားလွင်တို့၏ မွေးသဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ညနေ ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ချစ်ချစ်
**အသက်(၆၄)နှစ်**
**(မော်လမြိုင်)**

မော်လမြိုင်မြို့ ကျောက်တန်းရပ်နေ (ဦးအုန်းဖေ-ဒေါ်ပန်းရုံ)တို့၏ သမီး၊ မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်၊ မြို့မတံတားလမ်း၊အမှတ်(၁၃/A)နေ (ဦးမောင်အေး-ဒေါ်ကြွေ)တို့၏ သမီးချွေးမ၊ (ဦးစိုးတင့်)၏ ဇနီး၊ ဒုဗိုလ်မှူးကြီးမင်းစိုး-ဒေါ်ဆုမောင်မောင်အောင်၊ ဦးသိန်းထူး-ဒေါ်ရင်ငြိမ်းအေး၊ ဦးဇော်မျိုး-ဒေါ်ရဲစုစုအောင်၊ Dr.နေလင်းအောင်-ဒေါ်ထားထားလွင်တို့၏ မွေးသမိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၀-၈-၂၀၁၉ (စနေနေ့) နံနက် ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သင်းသင်းစိန် (ခ) မပိုင်
**အသက် (၆၄) နှစ်**

ရန်ကုန်မြို့ အလုံမြို့နယ်၊ ကွင်းကျောင်းလမ်းနှင့် စက်တွင်းလမ်းထောင့်၊ အမှတ်(၃၉/၆-ခ)နေ (ဦးအောင်စိန်-ဒေါ်ရင်မြ)တို့၏ချစ်လှစွာသောသမီး၊ (ဦးခင်မောင်ချို)၏ ချစ်လှစွာသောဇနီး၊ မဆုရည်နှင်း (ဝင်းအတိုင်းပင်ခံလီမိတက်)၏ ချစ်လှစွာသောမိခင်၊ ဒေါ်မြင့်မြင့်စိန်၊ ဦးသန်းဌေး-ဒေါ်ဥမ္မာစိုး၊ ဦးမြင့်ဌေး-ဒေါ်နန်းစမ်းစမ်းမိ၊ ဦးချစ်သောင်း-ဒေါ်ကြည်ကြည်စိန်တို့၏ ညီမ၊ ဒုတိယဗိုလ်မှူးကြီးကျော်စိုးညွန့်-ဒေါ်မြတ်မြတ်မိုးတို့၏အစ်မ၊ မွန်မွန်သန်းဌေး၊ ခွန်ထူးပိုင်ဌေး၊ မဝင်းလဲ့လဲ့အောင်၊ နန်းကေသီခိုင်၊ ဘိုဘိုသန်းဌေး၊ မှူးသာချယ်၊ စစ်မင်းလွင်တို့၏ ချစ်လှစွာသောအဒေါ်၊ ခွန်လင်းဦးမာန်၊ နန်းသဒ္ဒါဖြူ၊ အိမ့်ကြယ်စင်၊ ဆုရည်လင်း၊ နန်းဗွာဗွာ၊ မေငြိမ်းချမ်းတို့၏ချစ်လှစွာသောအဘွားလေးသည် ၁၃-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် ကွင်းကျောင်းလမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၇နာရီ တွင် ကွင်းကျောင်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင် (တင်ဝင်းမြင့် ကဖီး)
**အသက် (၁၀၄) နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဗားဂရာလမ်း၊ အမှတ်(၅၅)နေ (ဦးသန်းမောင်)၏ဇနီး၊ ဗိုလ်မှူးကြီးမြသိန်း (ရေ-ငြိမ်း)-ဒေါ်နွယ်နွယ်စန်း၊ (ဦးစိန်သန်း)-ဒေါ်နီနီသန်း၊ ဒေါ်ထွေးနိုင်နိုင်တို့၏ မိခင်ကြီး၊ ဗိုလ်မှူးဘိုစိ (ရေ-ငြိမ်း)-ဒေါက်တာမြင့်မြင့်မူ၊ ဦးမင်းနွယ်-ဒေါ်ဇီဝါဦး၊ ဦးထိန်လင်း-ဒေါ်သင်းသင်းအောင်၊ ဦးမျိုးခင်-ဒေါ်ချိုနွယ်ဦး၊ ဗိုလ်ချုပ်သန့်စင်လေး-ဒေါ်သင်းသင်းဝေတို့၏အဘွား၊ မြစ် ၁၀ ယောက်၊ တီ နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင် (ဘားအံ)
**ဌာနစုမှူး (ငြိမ်း)၊ သာသနာရေးဦးစီးဌာန**
**(ပအိုဝ့်အသင်းသက်ကြီးကန်တော့ခံပုဂ္ဂိုလ်)**
**အသက် (၉၇) နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ်(၃၈/က)နေ (ဦးကြာသက်-ဒေါ်သိန်းနု)တို့၏သမီး၊ (ဦးငွေဆိုင်-ဒေါ်တော်)တို့၏သမီးချွေးမ၊ [ဦးအောင်ကျော်(စာတည်းမှူး-ငြိမ်း၊ စာပေဗိမာန်)]၏ချစ်လှစွာသောဇနီး၊ (ဒေါ်အုန်းဖြူ)၊ (ဦးဘဆွေ)-ဒေါ်ထားထားတို့၏ညီမ၊ ဒေါ်သိန်းသိန်း၏အစ်မ၊ ဦးထွန်းထွန်းလွင်(ဒုတိယအထွေထွေမန်နေဂျာ၊ သစ်အခြေခံစက်မှုလုပ်ငန်း ဌာန၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါက်တာဒေါ်ဝါဝါအောင်(ကထိက-ငြိမ်း၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ ဒေါ်ညိုညိုအောင်(ဒုတိယအထွေထွေမန်နေဂျာ၊ ရောဝတီဘဏ်)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ညဏ်လွင်အောင် (Myanmar Enterprise Solution)၊ မဟန်သူလွင်(Final Par-II, UM1)၊ မဆုလဲ့အောင်(နဝမတန်း-က၊ အထက-၂၊ ကမာရွတ်)တို့၏အဘွားသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်ကျော် (၆၆) နှစ်
**ဦးချစ် လက်ဖက်ရည်ဆိုင်၊ ရန်ကုန် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်ပင်မ**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ရိုးမရိပ်သာလမ်း၊ အမှတ်(၆၃၅-A)၊ A1 နေ [ဦးချစ်-ဒေါ်အုန်း(စေတနာရှင်ကဖီး၊ ဦးချစ်လက်ဖက်ရည်ဆိုင်၊ ရန်ကုန်တက္ကသိုလ်ပင်မ)]တို့၏သားကြီး၊ (ဦးဘိုကြည်)-ဒေါ်ညွန့်အေးတို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသက်နိုင်ဦး (Service Deplayment Executive.FBBC.HQ.Mytd)၊ ဒေါ်သက်သက်မာ (Academic Director.MESI, Programm Leader.City Collage Yangon)၊ ကိုဝေလင်းကျော် (USAID)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ဘုန်းပြည့်သက်နိုင် (Grade-2၊ သရဖီပန်း TTC ပြည်လမ်း)၏ ချစ်လှစွာသောအဘိုးသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ည ၈း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်တိုး
**အသက်(၈၉)နှစ်**
**Chairman (Myanmar Voyages International Tourism Co.,Ltd.)**

ဦးသက်လွင်တိုး (ရန်ကုန်တက္ကသိုလ် H&M)-ဒေါ်လွင်လွင်ကျော်တို့၏ ဖခင် ဦးမောင်မောင်တိုးသည် ၁၁-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း၊**
**သဘာဝခေါ်သံဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဆန်နီအောင်ခင်
**ပဒုမ္မာစားသောက်ဆိုင်ပိုင်ရှင်**
**အသက် (၈၁) နှစ်**

မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း၏ နာယကဖြစ်သူ ဦးဆန်နီအောင်ခင်သည် ၁၀-၈-၂၀၁၉ (စနေနေ့) ညနေ ၃း၄၇ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း**

## ဦးမျိုးအောင် (Caesar Ba Chit)
**အသက် (၆၈) နှစ်**

စက်ရှင်မင်းကြီး(ဦးဘချစ်-ဒေါ်ခင်မမ)တို့၏ သားထွေး၊ ဒေါ်စောကလျာအုန်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်သောင်း)-ဒေါ်မျိုးသိမ့်၊ ဦးမျိုးမင်း-(ဒေါ်ခင်မျိုးဆွေ)၊ (ဦးမောင်မောင်လတ်-ဒေါ်တင်မျိုးဝေ)၊ (ဦးမျိုးမြင့်)-ဒေါ်စန်းရီ၊ ဦးမျိုးမြတ်-ဒေါ်နုနုမြတ်တို့၏ မောင်ငယ်/ညီငယ်၊ ဗိုလ်မှူးအောင်ကျော်ဇော(ငြိမ်း)-ဗိုလ်မှူး ဒေါ်မြင့်မြင့်ရှိန်(ငြိမ်း)တို့၏အစ်ကို ဦးမျိုးအောင်သည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်(A4)၊ အခန်း(၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးအောင်(Caesar Ba Chit)
**အသက် (၆၈) နှစ်**

စက်ရှင်မင်းကြီး(ဦးဘချစ်-ဒေါ်ခင်မမ)တို့၏ သားထွေး၊ ဒေါ်နွယ်မာ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းချမ်းမြေ့၊ ဦးလင်းချမ်းအေး၊ ဒေါ်နှင်းအေးချမ်း၊ ဒေါ်လှယမင်းသူတို့၏ ချစ်လှစွာသောဖခင်၊ (ဦးကျော်သောင်း)-ဒေါ်မျိုးသိမ့်၊ ဦးမျိုးမင်း-(ဒေါ်ခင်မျိုးဆွေ)၊ (ဦးမောင်မောင်လတ်-ဒေါ်တင်မျိုးဝေ)၊ (ဦးမျိုးမြင့်)-ဒေါ်စန်းရီ၊ ဦးမျိုးမြတ်-ဒေါ်နုနုမြတ်တို့၏ မောင်ငယ်/ညီငယ်၊ ဗိုလ်မှူးအောင်ကျော်ဇော(ငြိမ်း)-ဗိုလ်မှူး ဒေါ်မြင့်မြင့်ရှိန်(ငြိမ်း)တို့၏အစ်ကို ဦးမျိုးအောင်သည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်(A4)၊ အခန်း(၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးအောင်(Caesar Ba Chit)
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ်(A4)၊ အခန်းအမှတ်(၃)နေ ဒေါ်နွယ်မာ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးကျော်သောင်း၊ ဒေါ်မိုးမိုးသောင်း၊ ဒေါ်ဝင်းဝင်းကျော်သောင်း၊ ဒေါ်ခင်မြင့်သောင်း၊ ဦးဝင်းပိုင်၊ ဒေါ်မိုးမိုးမင်း၊ ဒေါ်ယုယုမင်း၊ ဒေါ်စိုးစိုးမင်း၊ ဒေါ်မော်မော်မင်း၊ ဒေါ်ဆွေဆွေမင်း၊ ဒေါ်ညွန့်ငြိမ်းရင်၊ ဒေါ်သော်တာရင်၊ ဦးနေမျိုးရင်၊ ဦးအောင်မျိုးရင်၊ ဒေါက်တာခင်မမမျိုး၊ ဒေါ်မျိုးမျိုးမြတ်တို့၏ ချစ်လှစွာသောဦးလေး ဦးမျိုးအောင်သည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးစိုးသက်ဝင်း
**B.A (Hist)**
**အသက် (၄၉) နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ အမှတ်(၇)၊ ဦးဂွယ်လမ်း၊ မြေညီထပ်နေ Dr. စိုးမြင့်-(ဒေါ်စန်းနု)တို့၏ သားထွေး၊ ရန်ကုန်မြို့နေ (ဦးကြည်ထွန်း)-ဒေါ်စန်းစန်းရီတို့၏ သားသမက်၊ Dr.အောင်စိုးဦး(USAID)-ဒေါ်အေးအေးမူ(Aryu International Hospital)၊ Dr.မြင့်မြင့်စိုး (ဓာတုဗေဒဌာန၊ မန္တလေး အဝေးသင်တက္ကသိုလ်)တို့၏ ညီ/မောင်၊ ဒေါ်မီမီဟန်၏ချစ်လှစွာသောခင်ပွန်း၊ မောင်သက်နိုင်ဝင်း(Grade-II၊ အထက-၃၊ စမ်းချောင်း)၏ ချစ်လှစွာသောဖခင် ဦးစိုးသက်ဝင်းသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀း၂၂ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးကျော်ကျော် (၆၆)နှစ်
**ဦးချစ် လက်ဖက်ရည်ဆိုင်၊ ရန်ကုန် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်ပင်မ**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ရိုးမရိပ်သာလမ်း၊ အမှတ်(၆၃၅-A)၊ A1 နေ [ဦးချစ်-ဒေါ်အုန်း(စေတနာရှင်ကဖီး၊ ဦးချစ်လက်ဖက်ရည်ဆိုင်၊ ရန်ကုန်တက္ကသိုလ်ပင်မ)]တို့၏သားကြီး၊ (ဦးသိန်းလွင်)-ဒေါ်ခင်အေးမြင့်တို့၏မောင်၊ (ဒေါ်စန်းစန်း)၊ ဒေါ်ခင်မကြီး(ခ)မကြီး၊ ဦးမောင်မောင် ငယ်-ဒေါ်သီတာရှိန်၊ ဦးအေးကို-ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ခင်ထွေးညို(ခ) အန်တီစိုးတို့၏အစ်ကိုကြီး၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ည ၈း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးကျော်ကျော်
**ဦးချစ် လက်ဖက်ရည်ဆိုင်၊ ရန်ကုန် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်ပင်မ**
**အသက် (၆၆) နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ရိုးမရိပ်သာလမ်း၊ အမှတ် (၆၃၅/A)၊ A1 နေ [ဦးချစ်-ဒေါ်အုန်း(စေတနာရှင်ကဖီး၊ ဦးချစ်လက်ဖက်ရည်ဆိုင်၊ ရန်ကုန်တက္ကသိုလ်ပင်မ)]တို့၏ သားကြီး၊ (ဦးဘိုကြည်)-ဒေါ်ညွန့်အေးတို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ကြည်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ဆွေဆွေကြည်၊ ဦးသန်းထိုက်-ဒေါ်ဌေးဌေးကြည်၊ ဦးသန့်ဇင်-ဒေါ်တင်တင်မျိုး၊ ဦးမျိုးသန့်-ဒေါ်ညွှန့်ညွှန့်သန်း၊ ဦးကိုကိုလွင်-ဒေါ်နုနုကြည်တို့၏ အစ်ကို/မောင်၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေး၊ မြေး နှစ်ယောက်တို့၏အဘိုးသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ည ၈း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# JMC အဆင့်ဆင့်တွင် ပါဝင်သည့် အရပ်သားကိုယ်စားလှယ်များ၏ သတ္တမအကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေး ကျင်းပ



JMC အဆင့်ဆင့်တွင် ပါဝင်သည့် အရပ်သားကိုယ်စားလှယ်များ၏ သတ္တမအကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေး ကျင်းပစဉ်။

**ရန်ကုန် ဩဂုတ် ၁၃**

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်တွင် ပါဝင်သည့် အရပ်သားကိုယ်စားလှယ်များ၏ သတ္တမအကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးက မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သော်လည်း လိုအပ်မှုများရှိလျှင် ထောက်ပြအကြံပေးမှုများကို လိုက်လိုက်လှဲလှဲ ကြိုဆိုကြောင်း၊ လက်ရှိကာလသည် JMC တွင်သာမက မြန်မာ့ငြိမ်းချမ်းရေးခရီးစဉ်တွင်လည်း ခေတ္တခဏ အရှိန်အဟုန်ရပ်တန့်နေသည့် ကာလဖြစ်ကြောင်း၊ သို့သော်လည်း ယခင်ကထက် ပိုမိုပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အရပ်သားကိုယ်စားလှယ်များ၏ စေ့စပ်ညှိနှိုင်းရေးခရီးစဉ်များ၊ အလွတ်သဘောတွေ့ဆုံမှုများ၊ လူထုတွေ့ဆုံပွဲများနှင့် JMC ဆိုင်ရာ ရှင်းလင်းပွဲများသည် ရပ်တန့်နေသည့် JMC လုပ်ငန်းများ စတင်နိုင်ရန်၊ ရှင်သန်နိုင်ရန်အတွက် အစွမ်းကုန်ကြိုးစားလုပ်ဆောင်နေသည့် သက်သေများဖြစ်ကြောင်း၊ ထိုကဲ့သို့ JMC အရပ်သားကိုယ်စားလှယ်များ၏ စဉ်ဆက်မပြတ် ကြိုးပမ်းနေမှုများကြောင့်လည်း ယာယီဆိုင်းငံ့ထားသည့် အဖွဲ့အစည်းများအနေဖြင့် မကြာမီကာလအတွင်း၌ JMC လုပ်ငန်းစဉ်များတွင် ပြန်လည်ပူးပေါင်းလာမည့် အရိပ်အငွေ့များ၊ အလားအလာများကိုလည်း မိမိတို့ကြားသိနေရပြီဖြစ်ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ နိုင်ငံပေါင်း ၄၉ နိုင်ငံတို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၈၀၉၉၂ ဒသမ ဝ၆၁ သန်း ရင်းနှီးမြှုပ်နှံ
စာမျက်နှာ » ၇

ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ အစည်းအဝေး ကျင်းပ
စာမျက်နှာ » ၁၀

မှန်တိုင်းခရီးဆာ ဂျပန်နိုင်ငံသို့ ချဉ်းကပ်
စာမျက်နှာ » ၁၂

သဘာဝဘေးကယ်ဆယ်ရေး အတွက် ယွမ် ၃၇၈ သန်း တရုတ်အစိုးရ ခွင့်ပြု
စာမျက်နှာ » ၁၃

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၁၃

| | | | | |
|---|---|---|---|---|
| တောင်ကုတ် | ၅ | ဒသမ | ၉၈ | လက်မ |
| သံတွဲ | ၄ | ဒသမ | ၃၇ | လက်မ |
| ဖောင်းပြင် | ၃ | ဒသမ | ၄၂ | လက်မ |
| မူဆယ် | ၃ | ဒသမ | ၁၅ | လက်မ |
| မြောင်းမြ | ၂ | ဒသမ | ၉၉ | လက်မ |
| ဘီးလင်း | ၂ | ဒသမ | ၈၀ | လက်မ |
| ကျောက်ဖြူ | ၂ | ဒသမ | ၂၉ | လက်မ |
| မိုးညှင်း | ၂ | ဒသမ | ၀၉ | လက်မ |
| ဖြူး | ၂ | ဒသမ | ၀၅ | လက်မ |
| မာန်အောင် | ၂ | ဒသမ | ၀၁ | လက်မ |
| ပဲခူး | ၁ | ဒသမ | ၉၇ | လက်မ |
| လယ်ဝေး | ၁ | ဒသမ | ၈၂ | လက်မ |
| တမူး | ၁ | ဒသမ | ၆၁ | လက်မ |
| ဖာပွန် | ၁ | ဒသမ | ၆၁ | လက်မ |
| သီပေါ | ၁ | ဒသမ | ၅၇ | လက်မ |
| ငါးသိုင်းချောင်း | ၁ | ဒသမ | ၅၇ | လက်မ |

မိုး/ဇလ



သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းပိုင်း၌ မိုးသည်းထန်ပြီး တောင်ကျရေစီးဆင်းမှုကြောင့် ရေထဲမျောပါသွားသော တံတားများအစား ယာယီဘေလီတံတား ငါးစင်း အစားထိုးဆောင်ရွက်ခြင်းလုပ်ငန်းအား တံတားအထူးအဖွဲ့ (၁၄) က ဆောင်ရွက်လျက်ရှိသည်ကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။

ဓာတ်ပုံ-ဆောက်လုပ်ရေးဝန်ကြီးဌာန

ကံ့ကော်ရိပ်
တက္ကသိုလ်ဝင်တန်း
မြန်မာစာမေးခွန်းပုံစံသစ်
၆(ခ) အဆိုများ
(၇၀) ပုဒ်
ဒေါက်တာမင်းမော်သန့်
ဒေါက်တာညီညီလှိုင်
တက္ကသိုလ်ဝင်တန်း
မြန်မာစာမေးခွန်းပုံစံသစ်
၂(ခ) စာလုံးပေါင်းသတ်ပုံ
၆(ခ) အဆိုတစ်ခုပေး၍ ဆွေးနွေးစေခြင်း
ဦးထွန်းသန်း(ပါမောက္ခ-ငြိမ်း)
တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများ၊ မြန်မာဘာသာစကား စွမ်းရည်မြှင့်ပွဲဝင်မည့်သူများ၊ ကျွမ်းစကားပြောပြိုင်ပွဲဝင်မည့်သူများအတွက်
၆(က)စာစီစာကုံး၊ ၆(ခ)အဆို (၁၆၄)ပုဒ်
ဒေါက်တာမင်းမော်သန့်၊ ဒေါက်တာသန်းထိုက် ဒေါက်တာဇော်လှိုင်၊ ဒေါက်တာညီညီလှိုင်
တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာမေးခွန်းဟောင်း ၂၀၀၉ ခုနှစ်မှ ယခုနှစ်အထိ Essays & Letters များ
2009-2019
Old Questions Essays & Letters for Distinction Students
UTT
တက္ကသိုလ်ဝင်တန်း ဘောဂဗေဒ
၂၀၀၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ စစ်ဆေးခဲ့သော မေးမြန်းဌာန် အဓိပ္ပာယ်ဖွင့်ဆိုချက် ထွက်ချက်မှုများ
ဦးလှသိန်း(ဘောဂဗေဒ)စီးပွားရေးတက္ကသိုလ်
တက္ကသိုလ်ဝင်တန်း ENGLISH
ပြောင်းလဲလာသော မေးခွန်းပုံစံသစ်နှင့်အညီ ရေးသားပြုစုထားသော
Unseen Passage and Multiple Choice
Kyaw San Lin
(The King's English)
စေတီစိတ်စာပေ • C/34 နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ 09 - 73051114, 095129670, 09550 1154